မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၂၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နော်ဝေးနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၇

၂၀၀၇ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေးနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ နော်ဝေးနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ် ဘုရင်မင်းမြတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သီပေါမြို့အဝင်ရှိ ကျင်သီ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဂုတ်တွင်းတံတားတည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး နွေစပါး၊ မိုးစပါး၊ ဆီထွက်သီးနှံ၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး မှာကြား

နေပြည်တော် မေ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးရန် မေ ၁၄ ရက်တွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့ ရောက်ရှိကြသည်။

တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မေ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် နောင်ချိုမြို့ရှိပ်သာ၌ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောက်မဲခရိုင်နှင့် နောင်ချိုမြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုအချိန်သည် နွေစပါး၊ မိုးစပါး တိုးချဲ့စိုက်ပျိုးရေး၊ ဆီထွက်သီးနှံ စိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဝင်းက နမ္မတူ–မန်တုံဒေသနှင့် မိုးမိတ်–မိုင်းငေါ်ဒေသ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေများနှင့် ဆန်ဝင်ရောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

(၁၇–၅–၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ထူးခြားမြစ်ရေ အခြေအနေ

နေပြည်တော် မေ ၁၆

ချင်းတွင်းမြစ်ရေသည် မြန်မာစံတော်ချိန် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ခန္တီးမြို့၌ ၅၇၉ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄ နာရီအတွင်း စင်တီမီတာ ၂၅၀ (ရှစ်ပေခန့်) တိုးလာသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်မှ ငါးရက်အတွင်း ဟုမ္မလင်းမြို့၌ စင်တီမီတာ ၂၁၀ (ခုနစ်ပေခန့်)၊ မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ စင်တီမီတာ ၁၈၀ (ခြောက်ပေခန့်)နှင့် မုံရွာမြို့၌ စင်တီမီတာ ၃၀၀ (၁၀ ပေခန့်) လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

17-5 (01) 1 5/16/07, 1:58 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မေလ ၁၇ ရက်)

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စက်အရန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ ထူထောင်ပေးပြီး သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းလာစေရေး အားပေးကူညီ ဖြည့်ဆည်းပေးလျက် ရှိသည်။

ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော စက်ကိရိယာများ၏ စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာအစိတ်အပိုင်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက် ရှိသည်။

ပြည်တွင်းပညာရှင်များ၊ ဌာနဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ စုပေါင်းစွမ်းအားတို့ဖြင့် ဝန်ကြီးဌာနအသီးသီးတွင် အသုံးပြုနေသော စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းပစ္စည်း အမယ်ပေါင်း ၁၂၇၅ မျိုးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့သည်။ ဆက်လက်၍ ပစ္စည်းအမယ် ၁၄၃၁ မျိုးကိုလည်း စမ်းသပ်ထုတ်လုပ်လျက် ရှိသည်။

စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းအားဖြင့် နိုင်ငံခြားငွေသက်သာခြင်း၊ စက်အရန်ပစ္စည်းများ မြန်မြန်ရရှိကာ စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ခြင်း၊ အငယ်စား၊ အလတ်စား စက်ရုံ၊ အလုပ်ရုံများ ပိုမိုပေါ်ထွန်းလာခြင်း စသည်ဖြင့် စက်မှုနိုင်ငံ ထူထောင်ရေးရည်မှန်းချက်ကို အထောက်အကူပြုလျက် ရှိသည်။

ထို့ပြင် ပြည်တွင်းပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ နည်းပညာနှင့် အတတ်ပညာစွမ်းအား ပိုမိုမြင့်မားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာကာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝကိုလည်း မြင့်မားတိုးတက်လာစေသည်။

သို့ဖြစ်ရာ ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်နေသည့် စက်အရန်ပစ္စည်းများ၊ စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ကိုယ့်အားကိုယ်ကိုး တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အတတ်ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒေါ်ဆင်ဟွာအား အမှူးထား၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၁)ရပ်ကွက် ရွှေဟင်္သာလမ်းသွယ်(၃) အမှတ် – ၁၀၅ နေ ဘုရား၊ ရဟန်းဒါယကာ ဦးရှိန်(ခေါ်)ဦးကြည်ရှိန်(ဥက္ကဋ္ဌ)ပျော်ရွှင်ကျန်းမာရေး ကူညီမှုအသင်း၊ သမအာရုံခံ မေဖလားဝါးဘက်၏ ဥပဒေအကြံပေးနှင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀၀၀၀၀ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက် အုပ်ချုပ်ရေးမှူးဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကဝ)

စိတ်ကောင်း၊ စေတနာကောင်းဖြင့် လူနာများအား ဆေးဝါးကုသပေး

နိုင်ငံတကာအဆင့်မီ ပညာရှင်များပေါ်ထွန်းရေး လေ့ကျင့်မွေးထုတ် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများ အလေးထား

ရန်ကုန် မေ ၁၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းရီက ရန်ကုန်ကလေးဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်ရန်ကုန်ကလေးဆေးရုံကြီး စာသင်ဆောင်ခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခများ၊ ကထိကများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ချစ်ကိုတင်က ဆေးရုံကြီးဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများကိုလည်းကောင်း၊ ကလေးကျန်းမာရေးပညာဌာန ပါမောက္ခဒေါက်တာ အေးမောင်ဟန်က ဘွဲ့ကြို/ဘွဲ့လွန် ဆေးပညာ သင်ကြားရေးဆိုင်ရာ အစီအစဉ် ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဆေးပညာသင်ကြားရေးတွင် လူနာများအတွက် ပြုစုကုသမှု အကောင်းဆုံးပေးနိုင်ရန် သဘောထားခံယူချက် ထားရှိရန် လိုအပ်ကြောင်း၊ ဆေးကုသမှုပေးသည့် ဆရာဝန်များ၏ ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံမှု အပေါ်တွင်လည်း လူနာများက အားကိုးယုံကြည် စိတ်ချစေရန် အဓိက လိုအပ်ကြောင်း၊ စိတ်ကောင်း၊ စေတနာကောင်းဖြင့် လူနာများအား ဆေးဝါးကုသမှုပေးရန်နှင့် လူနာ၏ အသက်အန္တရာယ် ကိုယူဉ်၍ ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည့်အတွက် စိတ်ထား မှန်မှန်ကန်ကန်ဖြင့် ကယ်တင်စောင့်ရှောက်ကြစေလိုကြောင်း၊ အမြဲမပြတ် သတိရှိစေလိုကြောင်း၊ နိုင်ငံတော်မှလည်း နိုင်ငံတကာအဆင့်မီ ပညာရှင်များ ပေါ်ထွန်းရေးအတွက် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်ကို သိရှိနားလည် သဘောပေါက်ကြစေလိုကြောင်း၊ လူနာကုသပေးသည့် ဆရာဝန်၊ ဆရာမများအနေဖြင့် ကျန်းမာရေး အသိပညာပေးခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများကို အလေးထား၍ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကလေးဆေးရုံကြီး၏ အရေးပေါ်နှင့် ပြင်ပလူနာဌာနဆောင်၊ အထူးကုသဆောင်နှင့် ကလေးငယ်လူနာများအား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ပြင်ပလူနာတိုးချဲ့ဆောင်ရှိ ကလေးလူနာများလာရောက် ပြသကုသမှုကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ဝဲပုံ)**ယင်းနောက် စာသင်ဆောင်သို့ သွားရောက်စစ်ဆေး၍ လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၇–၅–၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	မြန်မာသံစဉ်ချိုနှားဝင်
၅:၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅	၉။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	လျှပ်တစ်ပြက်
၆:၅၀	၁၅။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း–၁၇)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း–၂၇)

ရွှေကျင်သာသနာပိုင် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယဆရာတော် သက်တော် ၉၀ ပြည့် အထိမ်းအမှတ် မဟာထေရဂုဏပူဇာမဟာ မင်္ဂလာအခမ်းအနား

နေပြည်တော် မေ ၁၆

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယအဓိပတိဥက္ကဋ္ဌ မဟာနာယကမဟာ သေနာပတိ စုဒ္ဒသမရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယဆရာတော်ကြီး၏ သက်တော် ၉၀ပြည့် မွေးနေ့အထိမ်းအမှတ် မဟာထေရ ဂုဏပူဇာမဟာမင်္ဂလာအခမ်းအနားကို မေ ၈ရက်နံနက်၇နာရီက မန္တလေး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် အောင်မြေသာစည် အလယ်တိုက်ကြီး၌ ကျင်းပသည်။

ကြည်ညိုပူဇော်

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ မန္တလေးတိုင်း သံဃနာယက အဖွဲ့ဝင် ဆရာတော်များ၊ ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီးမန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

အခမ်းအနားမှူးအဖြစ်တိုင်းသာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဆောင်ရွက်ပြီး မဟာမင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ဆက်လက်၍ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ရွတ်ဖတ်ပူဇော်

ထို့နောက် စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်) အကျိုးတော်ဆောင် စစ်ကိုင်းတောင်ရိုး ဝိပဿနာမဟာဂန္ဓာရုံချောင် ပဓာနနာယက ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဉာဏဝရက အဂ္ဂမဟာပဏ္ဍိတ မင်္ဂလာဗိမာန်ဆရာတော် ရေးသားပူဇော်သော မဟာထေရဂုဏပူဇာ ထုတိဝေဒလ္လဂါထာများဖြင့် ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၄၁လမ်း သံလျှက်မော်အရှေ့ရပ်ကွက် အဝေယျာရာမ ရန်ကင်းကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသြဒါတသိရီဘိဝံသက မဟာပုညောပကာရ သမ္မောဒနီယ သခေ်ပကထာစာတမ်းလွှာကိုဖတ်ကြားလျှောက်ထားပြီး မဟာဝိသုဒ္ဓါရုံတိုက်သစ် ဂဏဝါစက စည်ရှင်ကျောင်း စာချသာမဏေကျော် သ.စ.အ ဓမ္မာစရိယ ဘဒ္ဒန္တဝဏ္ဏိတာလင်္ကာရာဘိဝံသက အာသီသပတ္ထနာမင်္ဂလာဂါထာများဖြင့် ရွတ်ဖတ်ပူဇော်သည်။ ထို့နောက် ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးအား တိုင်းမှူးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**(ဝဲပုံ)**

ရေစက်သွန်းချ

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ ဒါယကာ၊ ဒါယိကာမများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ ထို့နောက် ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်း ဆရာတော်ကြီးက သြဝါဒအနုမောဒနာတရား ချီးမြှင့်တော်မူရာ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ မွေးနေ့ကုသိုလ်အဖြစ် တိပိဋကယော ဆရာတော်နှင့် သီတဂူဆရာတော်ကြီးတို့က တရားပွဲနှစ်ည ဟောကြား ပူဇော်ခဲ့ကြပြီး သံဃာတော်အပါး ၁၀၀၀တို့အား ဝါဆိုဆရာတော်ကြီးနှင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများက တစ်ပါးလျှင်ကျပ် ၁၂၀၀၀တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန်
ပွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

လက်ထောက်ကျန်းမာရေးမှူးအသင်း အဋ္ဌမအကြိမ် ညီလာခံကျင်းပပြီးစီး

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း အဋ္ဌမအကြိမ်ညီလာခံကို မေ ၁၄ရက် နံနက်ပိုင်းက တတိယရက်နှင့်နောက်ဆုံးရက်အဖြစ် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်သင်တန်းခန်းမ၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အကြံပြုထောက်ခံ

ရှေးဦးစွာ သဘာပတိ ဧရာဝတီတိုင်းမှ ဦးအောင်ခင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း အတွင်းရေးမှူး ဦးအောင်ခင်က ၂၀၀၅-၂၀၀၇ ခုနှစ်ဗဟိုအလုပ်အမှုဆောင်၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို လည်းကောင်း၊ စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးချစ်ပိုက ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ် ၁၄ ဦးတို့က အကြံပြုထောက်ခံဆွေးနွေးကြကာ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်သည်။

အမှုဆောင်သစ်ရွေးချယ်

ယင်းနောက် ၂၀၀၇-၂၀၀၉ခုနှစ် သက်တမ်းကာလအတွက် ဗဟိုအလုပ်အမှုဆောင် အသစ်များအား ညီလာခံက ပြန်လည်ရွေးချယ်ရာ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးအသင်း ဥက္ကဋ္ဌအဖြစ် ဦးအောင်ခင်(ပဲခူးတိုင်း)၊ အတွင်းရေးမှူးအဖြစ်ဦးတင်လှိုင်(ရန်ကုန်တိုင်း)တို့ ပါဝင်သော ဗဟိုအလုပ်အမှုဆောင် ၂၁ဦးတို့အား ရွေးချယ်တင်မြှောက်ကြပြီး ညပိုင်းတွင် ပြည်နယ်နှင့်တိုင်းများမှ တက်ရောက်လာကြသော ကျန်းမာရေးမှူးများအား သူနာပြုတက္ကသိုလ် သင်တန်းခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို မေ ၈ရက်က အမှတ်(၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဒေါ်ခင်မကြီးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားဖြင့် နုန်းများတူးဖော်ဆယ်ယူ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှု

ရန်ကုန် မေ ၁၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သန့်ရှင်းသာယာလှပ၍ ရေစီးရေလာ ကောင်းမွန်စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော ဗိုလ်တထောင်မြို့နယ်ရှိ ကုန်သေတ္တာသိုလှောင်ရုံအနီး ကမ်းနားလမ်းသို့ နံနက် ၇နာရီက ရောက်ရှိလာရာ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက စန္ဒကူးလမ်း မြစ်ထွက်ပေါက် ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် နုန်းများ၊ အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုနှင့် ရန်ကုန်မြို့ရှိ မြစ်ထွက်ပေါက် ရေနုတ် ရေမြောင်းများ၊ ချောင်းများ ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က လုပ်ငန်း လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရန်ကုန်ဘူတာကြီးအရှေ့၌ မင်္ဂလာတောင်ညွန့်မြို့နယ်သို့ ဖြတ်သန်းစီးဆင်းသည့် မြေအောက်ရေနုတ်မြောင်း ရေစီးဆင်းမှု၊ ဗဟန်းမြို့နယ် ရွှေဂုန်လမ်း (လင့်ခ်လမ်း)ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် နုန်းများ၊ အမှိုက်များ ဆယ်ယူရှင်းလင်းနေမှု၊ တောင်ဥက္ကလာပမြို့နယ်သို့ ဖြတ်သန်းစီးဆင်းသည့် ကျိုက္ကဆံချောင်း ရေစီးဆင်းမှုနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်ယန္တရားဖြင့် နုန်းများ တူးဖော်ဆယ်ယူနေမှု**(အပေါ်ပုံ)**တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းလျက်ရှိသည့်အတွက် ချောင်းများ၊ မြောင်းများ ရေစီးဆင်းမှု ကောင်းမွန်စေရန်နှင့် ပိတ်ဆို့မှုများမဖြစ်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း သီပေါမြို့နယ်၏ ၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းများနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေရှားဝေါ(လ်) Tool Gate အနီး၌ လားရှိုး မူးယစ်အထူးအဖွဲ့မှ ခြံစည်းရိုးကြက်ဆူ သုံးဧကစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ ပန်မာတ်ရပ်ကွက် မန္တလေး–လားရှိုး ကားလမ်းနံဘေး၌ ကျင်းပသည့် နောင်ချိုမြို့နယ်၏ ၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ ၂၅ ဧက စိုက်ပျိုးပွဲအခမ်းအနားသို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့များနှင့် ပျိုးပင်များကို နောင်ချိုမြို့နယ် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်တိုင်းမှူးတို့သည် ခြံစည်းရိုးကြက်ဆူပင်များကိုစိုက်ပျိုးပေးကြသည်။

ပျိုးထောင်ထားရှိ

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ၂၀၀၇ ခုနှစ်အတွက် ခြံစည်းရိုးကြက်ဆူဧက ၉၅၀၀ စိုက်ပျိုးရန် လျာထားရာ ယခုအခါ ၅၆၄၆ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်သည်။ ကျန်ဧကများအတွက် မျိုးစေ့ ၂၂၇ တင်း အပင်ပေါင်း သုံးသိန်း၊ ပျိုးကိုင်း ခြောက်သိန်းသုံးသောင်း စုဆောင်းပြုစု ပျိုးထောင်ထားရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နောင်ချို–ကျောက်မဲ ကားလမ်း အတိုင်း လမ်းပိုင်အခြေအနေကိုကြည့်ရှုစစ်ဆေး၍ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မန္တလေး–လားရှိုး ကားလမ်း မိုင်တိုင်အမှတ်(၈၄/၀)ရှိ ဂုတ်တွင်းတံတားသို့ ရောက်ရှိကြသည်။

အဆိုပါ ဂုတ်တွင်းတံတားသည် အရှည်ပေ ၂၁၀ အကျယ် ၂၈ ပေရှိပြီး တစ်ဖက်လျှင် သုံးပေအကျယ်ရှိ လူသွားလမ်းများပါရှိသည်။ တံတားအောက်ခြေမှ အပေါ်ဆုံးအထိ အမြင့်မှာ ၃၄ ပေရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ ၂၂ ပေရှိသည်။ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဂုတ်တွင်း အတက်လမ်းပိုင်း အခြေအနေများနှင့် လမ်းဘေးဝဲယာ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ရာ ကျောက်မဲမြို့အဝင်ရှိ ခြံစည်းရိုးကြက်ဆူပျိုးခြံသို့ ရောက်ရှိကြသည်။

ကျောက်မဲမြို့နယ်၌ ခြံစည်းရိုးကြက်ဆူ ဧက ၉၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ၃၅၄၃ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရှိရသည်။

အားပေးချီးမြှင့်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့သို့ ရောက်ရှိကြပြီး ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ ဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဝင်းနှင့် ကျောင်းခန်းမ အလှူရှင် ကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဒေါ်မွေးမွေးတို့က ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမှာစကား

ထို့နောက် အခမ်းအနားအစီစဉ်များကို ကျောင်းခန်းမအတွင်း ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းရာ မြို့နယ် ပညာရေးမှူး ဦးဟောက်ရှန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခင်အုန်းပွင့်တို့က လက်ခံယူကြသည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါခန်းမဆောင်မှာ အလျားပေ ၁၀၀၊ အနံ ၄၅ ပေရှိပြီး သွပ်မိုးအုတ်ကာ အဆောက်အအုံဖြစ်သည်။ ရန်ကုန်မြို့မှ အလှူရှင် ဦးအိုက်မောင်နှင့် ဇနီး ဒေါ်နန်းဆောင်မိန်း မိသားစုတို့က ငွေကျပ် ၁၆၃ သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မန္တလေး–လားရှိုး ကားလမ်းမကြီး၊ ကျောက်မဲနှင့် သီပေါလမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေနှင့်လမ်းဘေးဝဲယာ မိုးသီးနှံစိုက်ပျိုးရန် ကွန်ရက်ထားမှုအခြေအနေများကိုကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ သီပေါမြို့အဝင်ရှိ ကျင်သီ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

အဆိုပါ ကျင်သီတံတားသစ်မှာ မန္တလေး–လားရှိုး–မူဆယ် ကားလမ်းပေါ်၌ အရေးပါသော တံတားတစ်စင်းဖြစ်ပြီး အရှည်ပေ၂၁၀၊ အကျယ် ၂၈ပေရှိသည်။ တစ်ဖက်လျှင် သုံးပေစီ အကျယ်ရှိ လူသွားလမ်းများပါရှိပြီး ရေမျက်နှာပြင်ကင်းလွတ် အမြင့်မှာ ၂၂ ပေဖြစ်သည်။ တံတား၏ခံနိုင်ဝန်အားမှာ တန် ၆၀ ဖြစ်သည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် သီပေါမြို့သို့ရောက်ရှိကြပြီး သီပေါမြို့နယ်၏ ၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းများနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

သီပေါမြို့နယ်တွင် ၂၀၀၇ ခုနှစ်၌ ခြံစည်းရိုးကြက်ဆူ ဧက ၁၁၅၀၀ စိုက်ပျိုးရန်လျာထားရာ ယခုအခါ ၃၈၄၉ ဧကအတွက် မျိုးစေ့များ စုဆောင်းထားရှိပြီး ၂၃၄ ဧကအတွက် ခြံစည်းရိုးကြက်ဆူကိုင်းများ ပျိုးထောင်ထားရှိလျက်ရှိသည်။ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရန်အတွက် ဧက ၄၅၂၀ ကိုလည်း မြေယာ ခုတ်ထွင်ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသမ္မတထံ သံအမတ်ကြီး ဦးဉာဏ်လင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၇

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၇ ခုနှစ် မေ ၃ ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာဂျူဒင်အာမက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီးခန့်အပ်ရန်သဘောတူ

နေပြည်တော် မေ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မူမင်အလာနတ်၏နေရာတွင် မစ္စတာ မေမက်စီနာ အယ်လ်ဒီမီရာအား ခန့်အပ်ရန် သဘောတူညီလိုက်ပြီးဖြစ်သည်။

မစ္စတာ မေမက်စီနာအယ်လ်ဒီမီရာသည် ၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် အန်ကာရာတက္ကသိုလ်မှ နိုင်ငံရေးရာသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၎င်းသည် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၁၉၇၀ ပြည့်နှစ်တွင် တတိယအတွင်းဝန်ရာထူးမှ စတင်ဝင်ရောက်ခဲ့ပြီး ဂျာမနီ၊ ဆိုက်ပရပ်စ်၊ အီတလီ၊ ဩစတြီးယား၊ ဗြိတိန်နိုင်ငံများရှိ တူရကီသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်မှစတင်၍ သံအမတ်ကြီး၊ ပထမဥပဒေအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ မေမက်စီနာ အယ်လ်ဒီမီရာသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာ မေမက် စီနာ အယ်လ်ဒီမီရာသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များ ဧပြီ ၁၀ ရက်က စိတ်ကျန်းမာရေးဆေးရုံကြီးသို့ အာဟာရအတွက် အလှူငွေ ကျပ်လေးသိန်းကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်းထန်သော မြေငလျင်လှုပ်

နေပြည်တော် မေ ၁၆

၂၀၀၇ ခုနှစ် မေ ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၂၈ မိနစ် ၁၂ စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၃၉၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ (လာအို–မြန်မာနယ်စပ်)ကိုဗဟိုပြု၍အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင် တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၆

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် အသက် ၁၈ နှစ်နှင့် အောက် ပြည်နယ်နှင့် တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းက ကယားပြည်နယ်အသင်းကို ၇၆ မှတ်၊ ၂၂ မှတ်ဖြင့် အနိုင်ရရှိပြီး **(ယာပုံ)** (က)အုပ်စုတွင် ရှုံးပွဲမရှိ အုပ်စုဗိုလ်ဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အုပ်စုဒုတိယဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းသည်လည်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

(ခ)အုပ်စု

အမျိုးသားပြိုင်ပွဲ (ခ)အုပ်စုတွင် မန္တလေးတိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို ၄၉ မှတ်၊ ၄၄ မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းက ရခိုင်ပြည်နယ်ကို ၄၆ မှတ်၊ ၂၄ မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မေ ၁၇ ရက် အကြိုဗိုလ်လုပွဲများအဖြစ် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်း၊ အမျိုးသား အကြိုဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပဲခူးတိုင်းအသင်းတို့ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဘတ်စကက်ဘော အားကစားဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တရုတ်နှင့်ဂျပန်ပရိသတ်များနှစ်သက်အားပေးနေသည့် တောင်ကိုရီးယားရုပ်ရှင်ကြယ်ပွင့်များ

ပြည်ပရေးရာအနုပညာ သတင်းမှတ်စု – မောင်မောင်မြင့်ဆွေ

ဆိုးလ် မေ ၁၆

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်လည်းဖြစ်သူ ကင်ဆောင်ဟန်(ရှင်ဒေါင်ဟန့်)သည် ဂျပန်နိုင်ငံတွင် ဖြန့်ချိနေသောသူ၏ BYJ Classics Hero အမည်ရှိ သီချင်းအယ်လ်ဘမ်မှာ ရောင်းအားကောင်းလျက်ရှိသည်။

အဆိုပါ တေးသီချင်းအယ်လ်ဘမ်တွင် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၅ ရက်က ဖြန့်ချိခဲ့သော တေးသီချင်း အယ်လ်ဘမ်ထဲမှ ရွေးချယ်ထားသည့် သီချင်းများလည်း ပါဝင်ထည့်သုံးထားသည်။

တေးဂီတဖျော်ဖြေ

ထို့အတူ ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က ကျင်းပခဲ့သော ရှင်ဒေါင်ဟန့် ပါဝင်ဖျော်ဖြေခဲ့သည့် တေးဂီတဖျော်ဖြေပွဲမှ သီချင်းများလည်း ယခု ထုတ်ဝေဖြန့်ဖြူးသည့် တေးသီချင်း အယ်လ်ဘမ်၌ အသုံးပြုထားသည်။

ဂျပန်နိုင်ငံတွင် ဖျော်ဖြေခဲ့သော တေးဂီတဖျော်ဖြေပွဲမှရရှိသော ငွေကြေးများကိုလည်း လူမှုရေး ရန်ပုံငွေအဖြစ် လှူဒါန်းခဲ့ကြောင်း၊ ရှင်ဒေါင်ဟန့် တေးဂီတဖျော်ဖြေပွဲများ ဂျပန်နိုင်ငံ တိုကျိုမြို့တော်တွင် ဆက်လက်ကျင်းပရန် အစီအစဉ်များ ပြုလုပ်လျက်ရှိသည်။

ထို့အတူ တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ယိုစီဝမ် (ဆူဘင်)၏ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုကို ဂျပန်နိုင်ငံ၌ ပြသလျက်ရှိသည်။

အဆိုပါရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ "Dondo Hane" အမည်ရှိ ဇာတ်လမ်းတွဲဖြစ်ပြီး အင်န်အိတ်ချ်ကေ ရုပ်မြင်သံကြားသတင်းလိုင်းက ထုတ်လွှင့်လျက်ရှိသည်။ ထိုဇာတ်လမ်းတွဲ ထုတ်လွှင့်ပြသချိန်နှင့် တိုက်ဆိုင်ကာ ဆူဘင်က ဂျပန်နိုင်ငံ တိုကျိုမြို့သို့ သူ၏ပရိသတ်များနှင့် တွေ့ရန် မကြာမီရက်များက ရောက်ရှိလာခဲ့သည်။

ရှင်ဒေါင်ဟန့်

ဂျပန်နိုင်ငံတွင် တေးဂီတဖျော် ဖြေ ပွဲ များ ဆက်လက်ပြုလုပ်မည့် တောင်ကိုရီးယား သရုပ်ဆောင်နှင့် အဆိုတော် ရှင်ဒေါင်ဟန့်။

ဆူဘင်သည် ဂျပန်နိုင်ငံတွင် လူကြိုက်များသော တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်တစ်ဦးလည်းဖြစ်သည်။

အကြိုက်ဆုံး

တစ်ဖန် တောင်ကိုရီးယား အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်များသည် တရုတ်နိုင်ငံတွင်လည်း ပရိသတ် အများအပြားက ချစ်ခင် အားပေးလျက်ရှိရာ လက်တွေ့ ကွင်းဆင်းစစ်တမ်းကောက်ယူချက်အရ တောင်ကိုရီးယား အမျိုးသမီးရုပ်ရှင်သရုပ်ဆောင်များတွင် ဂျန်ဆိုဟွေး (အာရီယွန်)က တရုတ်ပရိသတ် အကြိုက်ဆုံးဖြစ်ကြောင်း သိရသည်။

ဒုတိယအများဆုံး တရုတ်ပရိသတ် ကြိုက်နှစ်သက်အားပေးသူမှာ တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင် ယန်မီကျောင်းဖြစ်သည်။ တတိယမြောက် အားပေးမှုအခံရဆုံး သရုပ်ဆောင်အမျိုးသမီးမှာ လီယောင်အေးဖြစ်သည်။

ဂျန်ဆိုဟွေး(အာရီယွန်)သည် တရုတ်နိုင်ငံတွင်ပြသခဲ့သည့် "Miss Mermaid" ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် လူကြိုက်အများဆုံးဖြစ်ခဲ့သော သရုပ်ဆောင်တစ်ဦးဖြစ်သည်။

အကြိုက်နှစ်သက်ဆုံး

တရုတ်ပရိသတ်များက တောင်ကိုရီးယားအမျိုးသားသရုပ်ဆောင်များတွင် ရှင်ဒေါင်ဟန့်နှင့်ဆူဘင်တို့ကို အကြိုက်နှစ်သက်ဆုံးဖြစ်ကြောင်း၊ အထူးသဖြင့် ရှင်ဒေါင်ဟန့်အား ပို၍ သဘောကျကြောင်း သဘောထားဆန္ဒ ကောက်ယူမှုတစ်ရပ်၌ ဖော်ပြခဲ့သည်။ ။

(ကိုးကား–အင်တာနက်)

တရုတ်ပရိသတ်အကြိုက်နှစ်သက်ဆုံး တောင်ကိုရီးယား အမျိုးသမီးသရုပ်ဆောင် ဂျန်ဆိုဟွေး(ဝဲ)**၊ ယန်မီကျောင်း**(လယ်)**နှင့် လီယောင်အေး**(ယာ) **တို့အား တွေ့ရစဉ်။**

အမျိုးမြတ်တဲ့ ဒို့မြန်မာ

❒ အို–သူငယ်ချင်း
မင်းလည်းမြန်မာ၊ ငါမြန်မာတည့်
မြန်မာပီပီ၊ မြန်မာပြည်ကို
ငါသည်မြတ်နိုး၊ မင်းမြတ်နိုးမှ
အမျိုးဂုဏ်မြင့်၊ ပြည်လည်းတင့်၏
တွေးချင့်စဉ်းစား အသိပွား။

❒ မြန်မာဖြစ်ငြား၊ မြန်မာများက
တစ်ပါးတိုင်းက၊ပုံတူပြသည့်
စာဂစရိုက်၊ နှစ်ခြိုက်ကြလျှင်
စရိုက်မမှန်၊ မထိုက်တန်လို့
မျိုးမာန်ဂုဏ်ရည်နိမ့်ကျမည်။

❒ မြန်မာ့ရိုးရာ၊ စဉ်အလာနှင့်
မြန်မာမျိုးဂုဏ်၊ ဇာတိဂုဏ်အား
ယုံကြည်စိတ်တွေ၊ ထိန်းသိမ်းသူကို
ကြည်ဖြူလက်တွဲ၊ လောကထဲမှာ
အမြဲတမ်းသာ၊ဂုဏ်ယူစွာဖြင့်
ကြိုကာနေမယ် သူငယ်ချင်း။

❒ အမိမြန်ပြည်၊ တိုးတက်စည်ဖို့
စွမ်းရည်သတ္တိ၊ယှဉ်သတိနှင့်
အသိဉာဏ်စွက်၊ ယုံကြည်ချက်ဖြင့်
တိုးတက်ရအောင်၊လှုံ့လဆောင်မှ
ပြည်ထောင်စုစိတ် ခိုင်မြဲမည်
လူ့ဘောင်တန်ဖိုး မြင့်မားမည်။ ။

နှင်းမောင်(ဇီးကုန်း)

ဂျပန်နိုင်ငံတွင် ပရိသတ် အနှစ်သက်ဆုံး တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ဆူဘင်(ယာ)**အား တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

အင်တာနက်ဖောင်ပိတ်သတင်း

လာအိုအနောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ် ထိုင်းနှင့် ဗီယက်နမ်မြို့ကြီးများအထိတုန်လှုပ်သွား



ဗီယင်ကျန်း မေ ၁၆

လာအိုနိုင်ငံ အနောက်ပိုင်း၌ မေ ၁၆ ရက်က အားပြင်းငလျင်တစ်ခု လှုပ်ခဲ့ရာ အိမ်နီးချင်း ထိုင်းနှင့် ဗီယက်နမ်တို့၏ မြို့တော်များရှိ အဆောက်အအုံများ လှုပ်ရမ်းသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ငလျင်သည် ပြင်းအား ၆ဒသမ၁ရှိပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီက လာအိုမြောက်ပိုင်း လောင်ပရာဘန်းဒေသ အနောက်မြောက်ဘက် ၉၇ မိုင်အကွာ၌ ဗဟိုပြုလျက်လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိဗေဒ တိုင်းတာလေ့လာချက်များအရ သိရသည်။

သို့ရာတွင် ယင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှု မရှိကြောင်း အဆိုပါ သတင်းတွင် ဆက်လက်ဖော်ပြသည်။ ယင်းအင်အားပြင်းငလျင်ကြောင့် ဗန်ကောက်မြို့ရှိ ပြည်သူများသည် အရောင်းစင်တာများနှင့် နေအိမ်များမှ ဘေးကင်းရာလမ်းမများပေါ်သို့ ပြေးဆင်းခဲ့ရကြောင်းသိရသည်။ (အပေါ်ပုံ)

မြန်မာ့ရုပ်မြင်သံကြား

၁၇–၅–၂၀၀၇ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ ကျောက်တစ်လုံး ရေကူရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) [အင်္ဂလိပ်စာ]
၁၇:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၅ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** (လူကူးမျဉ်းကျားမှကူးမယ်)
၁၇:၃၀ ၈။ တေးဂီတအစီအစဉ်
၁၇:၄၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၉:၀၀ ၁၃။ Discovery
၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေရောင်သန်းသော အသည်းနှလုံး** (အပိုင်း–၂)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း–၃)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၄၀၀ ခန့် ရှိသွားပြီ

ဘဂ္ဂဒက် မေ ၁၆

အီရတ်နိုင်ငံ၌ တနင်္လာနေ့က အမေရိကန် တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိသဖြင့် ၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံအတွင်း အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံ တပ်ဖွဲ့ဝင်များ ကျူးကျော်ပြီးနောက်ပိုင်း အီရတ်၌သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၃၄၀၀ခန့် ရှိသွားပြီဖြစ်ကြောင်း အမေရိကန် စစ်ဘက်မှ အင်္ဂါနေ့တွင် ကြေညာသည်။

အင်တာနက် ကျန်းမာရေး

အဆုတ်ရောဂါကင်းရန် အသီးအရွက်နှင့်ငါးများများစား

မြေထဲပင်လယ်အစားအစာ စားသုံးခြင်းဖြင့် ချောင်းဆိုးရင်ကျပ်နှင့် လေအောင့်ခြင်းကဲ့သို့ ဆိုးရွားသောအဆုတ်ရောဂါ ဖြစ်ပွားစေမှုကို ထက်ဝက်လျှော့ချနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

အဆုတ်ရောဂါ

နာတာရှည်ဆို့ပိတ်သော အဆုတ်ရောဂါ(စီအိုပီဒီ)အုပ်စုတွင် ပါဝင်သည့် အဆုတ်ရောဂါသည် ၂၀၂၀ ပြည့်နှစ် အရောက်၌ ကမ္ဘာပေါ်တွင် တတိယအများဆုံး ဒုက္ခပေးမည့် ရောဂါဖြစ်လာမည်ဟု ခန့်မှန်းထားသည်။

အန္တရာယ်နည်းပါး

မြေထဲပင်လယ်အစားအစာ စားသုံးမှုနှင့် စပ်လျဉ်း၍ ပြင်သစ် သုတေသီများက လူပေါင်း ၄၃၀၀၀ကို ၁၂ နှစ်ကြာ စူးစမ်းလေ့လာခဲ့ရာမှ အထက်ပါအတိုင်း တွေ့ရှိချက် ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။ အဆိုပါ အစားအစာမှာ အသီး၊ ဟင်းသီးဟင်းရွက်နှင့် ငါးများများ ပါဝင်သည်။ မြေထဲပင်လယ်အစားအစာ များများစားလေ အဆုတ်ရောဂါဖြစ်မည့်အန္တရာယ် နည်းပါးလေလေ ဖြစ်ကြောင်းတွေ့ရသည်။

17-5 (05) 1 5/16/07, 1:59 PM

ပဲခူးတိုင်း ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်အသိပေးရှင်းလင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၆

ပဲခူးတိုင်း ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက် အသိပေးရှင်းလင်းပွဲ အခမ်းအနားကို မေ ၁၁ ရက်က တောင်ငူမြို့ ကေတုရတနာခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့် တိုင်း/ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မန္တလေးတိုင်းဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး) အတွက် ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး အမှတ် (၈၂၆) မြေညီထပ် ကျောင်းအလှူရှင် ကိုမောင်ကြီး၊ ကိုကျော်မင်း ညီအစ်ကိုများ (ဝမ်းတူးဝမ်းကုမ္ပဏီ)က အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးတိုင်း ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်အသိပေးရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က ပဲခူးတိုင်းအတွင်းဆောင်ရွက်မည့် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေးစုစည်းမဟာဗျူဟာများနှင့် ပတ်သက်သည့် စီမံချက်လုပ်ငန်းများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးရန် လိုအပ်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကာကွယ်ဆေးထိုးနှံ

ပဲခူးတိုင်းအတွင်း ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး စီမံချက်အရ မေ ၁၄ ရက်မှ ၂၇ ရက် အထိ အသက် ကိုးလမှ ငါးနှစ်အထိ ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံသွားမည်ဖြစ်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသော ပဲခူးတိုင်းနှင့် ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၏ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့်အဖွဲ့ဝင်များ၊တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများ၊ တောင်ငူခရိုင်နှင့်ပဲခူးခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ သာယာဝတီခရိုင်နှင့် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်အလိုက် ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါး ရိတ်သိမ်းပြီးစီးမှု၊ ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါး မြေအတန်းအစားအလိုက် စိုက်ပျိုးရန်လျာထားမှု၊ ခြစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှု၊ နှစ်ရှည်ပင်ရော်ဘာစိုက်ပျိုးပြီးစီးမှု၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းအဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဝိုင်းဝန်းကြိုးပမ်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆောင်ရွက်မည်

ပဲခူးတိုင်းအနေဖြင့် ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း မိုးစပါးရေတော်၊ မိုးတော်စိုက်ဧက သိန်း၂၀အပါအဝင် ဧကသိန်း ၃၀ စိုက်ပျိုးနိုင်ရေး လျာထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များ တွေ့ဆုံ ဆွေးနွေးမည်

ရန်ကုန် မေ ၁၆

(၅၄)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များအား မေ ၂၆ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းအဆောက်အအုံ(အပေါ်ဆုံးထပ်)၌ တွေ့ဆုံ ဆွေးနွေးမည် ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂန့်ဂေါ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

ဂန့်ဂေါ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့တို့ ပူးပေါင်း၍ အခြေခံ စက်ချုပ်ပညာ သင်တန်း (၁/၂၀၀၇) ဖွင့်ပွဲကို မေ ၆ ရက်က ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ ရုံး၌ ကျင်းပရာ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝင်းက အမှာစကား ပြောကြားပြီး မြို့နယ် အမျိုးသမီး ရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ အမျိုးသမီး ရေးရာအဖွဲ့ဝင် ၂၅ဦး တက်ရောက်၍ သင်တန်း ကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။ (၂၇၃)

အခြေခံကျန်းမာရေးဝန်ထမ်းများ နည်းပြသင်တန်းဖွင့်

ရောဂါကာကွယ်စောင့်ရှောက်ရေး ပညာပေးခြင်းနှင့် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ်ငန်းစီမံချက်အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီက လယ်ဝေးမြို့နယ် ပြည်သူ့ဆေးရုံ သင်တန်းခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဆရာဝန်ကြီး ဦးစိုးစိုးနိုင်တို့က အမှာစကားပြောကြားကြပြီး ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာန စီမံချက်တာဝန်ခံ ဒေါ်အိအိဆွေက စီမံချက်ပါ လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။ အဆိုပါနည်းပြသင်တန်းသို့ လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်း ၇၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု ကော့ကရိတ်၌ စုပေါင်းသန့်ရှင်း

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းနှင့် အရန်မီးသတ်သန္ဓေတပ်ဖွဲ့ဝင် ၈၅ ဦးတို့သည် မေ၄ ရက် နံနက်ပိုင်းက ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ချုံနွယ်၊ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်ကြရာ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ခရိုင်ဆရာဝန်ကြီးတို့ ကြည့်ရှုအားပေးကြသည်။

(၀၂၄)

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

ရွှေအုန်းပင် စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲ ဒီပဲယင်း၌ကျင်းပ

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အုန်းတပင်ကျေးရွာ ရွှေအုန်းပင် စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို ဧပြီ၁၃ရက် နံနက်ပိုင်းက ကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်နိုင်နေအိမ်တွင် ကျင်းပရာ ဘုတလင်မြို့နယ် ကြောင်ပန်းတောရမှ သီလရှင်ဆရာလေးများဖြစ်သည့် ဒေါ်စန္ဒာဒေဝီ၊ ဒေါ်ဉာဏ်နေဝီ၊ ဒေါ်အင်္ဂနေဝတီနှင့်ဒေါ်နန္ဒာရီတို့က သုတ/ရသစာအုပ် ၁၀၀ တန်ဖိုးငွေကျပ်ငါးသောင်းကို လှူဒါန်းရာ ဒီပဲယင်း မြို့နယ် အသင်း အလုပ်အမှုဆောင် ဦးလှသောင်က လက်ခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဖျာပုံ ဥတ္တရာရုံ ပရိယတ္တိစာသင်တိုက် ခုနစ်ရက် တရားစခန်း

ဖျာပုံမြို့ ဥတ္တရာရုံ ပရိယတ္တိ စာသင်တိုက်ပဓာနနာယကဆရာတော်၏ ဩဝါဒခံယူ၍ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာပြန့်ပွားရေး အဖွဲ့ကကြီးမှူး၍ (၁၄)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို မေ ၅ ရက်မှ ၁၃ ရက်အထိ ဖျာပုံမြို့ဥတ္တရာရုံ ပရိယတ္တိစာသင်တိုက် ဓမ္မဗိမာန်၌ ကျင်းပသည်။ (၂၈၄)

ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု သလဲဦးအင်းကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂ ရက် ညနေ ၃ နာရီက ကျင်းပရာ ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ကို စာကြည့်တိုက်ကော်မတီနာယက သလဲဦးအင်း ဆရာတော် ဦးဝိဇယ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးက နန်းပန်ကျေးရွာအုပ်စု ပေါက်ပါးကျေးရွာ အောင်ပြည့်ဖြိုးစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက် တစ်လုံးနှင့်ရေဒီယိုကက်ဆက်တစ်လုံး ပေးအပ်လှူဒါန်းရာ နန်းပန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်အောင်က လက်ခံရယူသည်။ ထို့နောက် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်သင်းမျိုးမျိုးအောင်က ရောင်ခြည်ဦးစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်မောင်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ရေစကြို မြို့မဈေး သန့်ရှင်းလှပရေး ဆောင်ရွက်

မကွေးတိုင်း ရေစကြိုမြို့နယ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင် ဈေးကြီးများ သစ်လွင်တောက်ပ သန့်ရှင်းသပ်ရပ်လှပမှု ရှိစေရေးအတွက် မြို့မဈေးကြီးကို မေ ၃ ရက်က ဈေးတာဝန်ခံ ဦးတင်ဝင်းနှင့် ဈေးဌာနစိတ် ဝန်ထမ်းများက သန့်ရှင်းသာယာလှပရေး ဆေးသုတ် မွမ်းမံမှုများ ဆောင်ရွက်ကြကြောင်းသိရသည်။

(၂၅၁)

ဖာဂူဆန်နှင့် မော်ရင်ဟိုတို့ ဝင်ဘလေကွင်းကြီးမှာ ထိပ်တိုက်ဆုံကြပြီ ရာသီကုန် အက်ဖ်အေဖလား ဘယ်ရင်ခွင်မှာ နားခိုမလဲ

သုံးသပ်တင်ပြသူ
မောင်ချစ်ကြည်

လန်ဒန် မေ ၁၆

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာရှိတဲ့ ပရိသတ်ကိုးသောင်းဆံ့ ဝင်ဘလေကွင်းသစ်ကြီးမှာ ပထမဆုံးဖိုင်နယ်ပွဲအဖြစ် မန်ယူနဲ့ချယ်လ်ဆီးတို့ရဲ့ အက်ဖ်အေဖလား ဖိုင်နယ်ပွဲကြီးကို မေ ၁၉ ရက် (စနေနေ့)မှာ ကျင်းပပါတော့မယ်။

ဖိုင်နယ်ပွဲ၌ မန်ယူကိုအကောင်းဆုံး အသင်းအဖြစ် မြင်တွေ့ရမည်ဟု ပြောကြားထားသည့် ဖာဂူဆန်။ (ဓာတ်ပုံ-အင်တာနက်)

ဝင်ဘလေကွင်းသစ်ကြီးမှာ ပရီမီယာလိဂ် မဟာပြိုင်ဘက်တွေဖြစ်တဲ့ မန်ယူနဲ့ချယ်လ်ဆီးတို့ဟာ ဒီနှစ်ဘောလုံးရာသီရဲ့နောက်ဆုံးလက်ကျန်ဖလားဖြစ်တဲ့ အက်ဖ်အေဖလားရရှိရေးကို ရှိသမျှစွမ်းအားတွေ အိတ်သွန်ဖာမှောက်အကုန်ထုတ်သုံးပြီး ကြိုးစားကြမှာမို့ ဒီနှစ်ဘောလုံးရာသီရဲ့ ပွဲကြီးပွဲကောင်းတစ်ပွဲအဖြစ် မြင်တွေ့ကြရမှာသေချာနေပါတယ်။

ပရီမီယာလိဂ်ချန်ပီယံ

အက်ဖ်အေဖလား ဖိုင်နယ်ပွဲမှာ ယှဉ်ပြိုင်ကြမယ့် မန်ယူနဲ့ ချယ်လ်ဆီးတို့ရဲ့ အဝေးအနီး မြင်ကွင်းတွေကြည့်မယ်ဆိုရင်တော့ မန်ယူဟာ လက်ရှိ ပရီမီယာလိဂ်ချန်ပီယံအဖြစ် အောင်စိတ်တွေ ဆူဝေနေတဲ့ အသင်းဖြစ်ပါတယ်။

ဒီနှစ်မှာ ဖလားသုံးလုံးအိပ်မက်ကို အကောင်အထည် မဖော်နိုင်ခဲ့ပေမယ့် ဖာဂူဆန်ဟာ ဖလားနှစ်လုံးကိုတော့ မန်ယူအတွက် ရအောင်ယူပေးဖို့ ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ **"အက်ဖ်အေဖလားဖိုင်နယ်ပွဲမှာ မန်ယူဟာအင်္ဂလန်ရဲ့အကောင်းဆုံးဘောလုံးအသင်းတစ်သင်းဖြစ်တယ် ဆိုတာ မြင်တွေ့ကြပါလိမ့်မယ်"**လို့ ဖာဂူဆန်က ပြောကြားထားပါတယ်။

တိုက်စစ်

ဝင်ဘလေကွင်းမှာ ချယ်လ်ဆီးကို အက်ဖ်အေဖလားရယူဖို့ အခွင့်အရေးပေးမှာမဟုတ်ဘူးလို့လည်း ဆိုနေတဲ့ ဖာဂူဆန်ရဲ့ မန်ယူအသင်းဟာ ပရီမီယာလိဂ် တစ်ရာသီလုံးမှာ ၈၂ ဂိုးသွင်းယူပြီး အကောင်းဆုံး တိုက်စစ် ပိုင်ဆိုင်ထားကြောင်း ပြသထားပါတယ်။

အကောင်းဆုံးဆု

မန်ယူအသင်းရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ စီရိုနယ်ဒို၊ ရွန်နေ၊ စမစ်၊ ရိုင်ယန်ဂစ်တို့ဟာ အက်ဖ်အေဖလား



စီရိုနယ်ဒို

မန်ယူအတွက် အက်ဖ်အေဖလား ရယူရေး အောင်စိတ်များ ဆူဝေနေသော စီရိုနယ်ဒို မည်သို့ထိုးဖောက်ဂိုး သွင်း မည် ဆိုသည်မှာ စိတ်ဝင်စားဖွယ်ရာ။ (ဓာတ်ပုံ-အင်တာနက်)

နောက်ဆုံးဖိုင်နယ်ပွဲမှာ အဆုံးအဖြတ်ပေးကြမယ့် မန်ယူရဲ့ စွမ်းအားရှင်တွေပါပဲ။ မန်ယူကို အောင်မြင်မှုတွေရရှိအောင် အဓိကရုပ်လုံးဖော်ပေးနေသူ စီရိုနယ်ဒိုဟာ ဆုကြေးစားကစားသမား အဖွဲ့အစည်းက ချီးမြှင့်တဲ့ အကောင်းဆုံး ဘောလုံးသမားဆုနဲ့ အကောင်းဆုံးလူငယ်ကစားသမားဆုတွေအပြင် ဘာကလေကုမ္ပဏီက ချီးမြှင့်တဲ့ တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုလည်း ရရှိထားတာမို့ မန်ယူအတွက်ဆုဖလားတွေ များများယူပေးဖို့အတွက်စိတ်ဓာတ်အင်အားတွေ ပြည့်လျှံနေတဲ့အချိန် ဖြစ်နေပါတယ်။

မန်ယူမှာ စီရိုနယ်ဒိုနဲ့ ရွန်နေတို့ခြေတွေ့ရင် ဘယ်နောက်တန်းခံစစ်မှူးတွေမှ မထိန်းနိုင်တာမို့ မန်ယူရဲ့ အက်ဖ်အေဖလားရရှိရေးဟာ သူတို့တွေပေါ်မှာ မူတည်နေပါတယ်။ မန်ယူရဲ့ တိုက်စစ်ဟာ ပြောစရာမရှိသလို မန်ယူ ကွင်းလယ်မှာလည်း ပေါလ်စခိုးနဲ့ မိုက်ကယ်ကာရစ်တို့က တိုက်စစ်ရော ခံစစ်ပါ အစပ်အဟပ် တည့်နေပါပြီ။

မန်ယူတို့ သတိထားရမှာက နောက်တန်း ခံစစ်ကြောင်းပါပဲ။ မန်ယူ နောက်တန်းမှာ ဗီဒစ်က ပခုံးရိုးကျိုးတဲ့ ဒဏ်ရာရရှိခဲ့လို့ နာလန်ထူခါစပဲ ရှိနေပါသေးတယ်။ ဂယ်ရီနဗီးကလည်း ခြေချင်းဝတ်ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိထားလို့ ဒီပွဲမှာ မပါနိုင်ပါဘူး။ ဖာဒီနန်ကလည်း ဒဏ်ရာရရှိထားတာတွေ ဆက်တိုက်ဖြစ်နေလို့ အက်ဖ်အေဖလား ဖိုင်နယ်ပွဲမှာ ဝင်ကစားရင်တောင် ကြံ့ခိုင်မှုပြည့်ဝမှာ မဟုတ်ပါဘူး။

အများဆုံး

ဒါပေမယ့် အက်ဖ်အေဖလားကို မန်ယူအတွက် ငါးကြိမ်တိတိဆွတ်ခူးပေးထားနိုင်တဲ့ဖာဂူဆန်ဟာ အရေးကြီးတဲ့ပွဲစဉ်တွေမှာ ကစားသမားနဲ့ ကစားကွက်ကို ရွေးချယ်သုံးတဲ့ နေရာမှာတော့ ထက်မြက်သူတစ်ဦးပါ။ မန်ယူနဲ့ အက်ဖ်အေဖလား လမိုင်းကပ်ပုံကို ကြည့်ရင် မန်ယူက အက်ဖ်အေဖလားကို ၁၀ ကြိမ်ရရှိခဲ့တာမို့ အင်္ဂလန်မှာတော့ အကြိမ်အရေအတွက် အများဆုံး အက်ဖ်အေဖလားဆွတ်ခူးထားနိုင်တဲ့ ထိပ်တန်းအသင်းဖြစ်ပါတယ်။

ခြေကုန်ထုတ်

မြန်နှုန်းမြင့်တင်ကစားတတ်တဲ့ မန်ယူရဲ့တိုက်စစ်အားကိုးနဲ့ ချယ်လ်ဆီးကိုကျော်ဖြတ်ပြီး ဒီရာသီရဲ့ အဖိုးတန်တဲ့ ဒုတိယမြောက်ဖလားရယူဖို့ ဖာဂူဆန်တို့လူသိုက် ဝင်ဘလေကွင်းသစ်ကြီးမှာ အက်ဖ်အေဖလားချန်ပီယံအဖြစ်ကမ္ပည်းတင်ရေးအတွက် ခြေကုန်ထုတ်ရပါလိမ့်မယ်။

ဒီလိုပါပဲ ဒီနှစ် ဘောလုံးရာသီမှာ ကားလင်းဖလား တစ်လုံးသာ ရရှိခဲ့ပြီး အိပ်မက်ဆိုးတွေမက်ခဲ့ရတဲ့ ချယ်လ်ဆီးတို့ဟာ ရာသီကုန်မှာ အက်ဖ်အေဖလားကိုတော့ ရအောင်ယူဖို့ ဆုံးဖြတ်ထားပြီဖြစ်ပါတယ်။

အက်ဖ်အေဖလားမှ မရရင် ချယ်လ်ဆီး နည်းပြ မော်ရင်ဟိုဟာ အပြောကြီးပြီး လက်တွေ့မပါတဲ့သူအဖြစ် အင်္ဂလန်မှာတော့ ပြစ်တင်ဝေဖန်ခံရတော့မှာပါ။ ဒီလိုပါပဲ ပရီမီယာလိဂ်ဖလား လက်လွှတ်ဆုံးရှုံးခဲ့ရပြီးနောက်မှာ မော်ရင်ဟိုက သုံးကြိမ်တိုင်တိုင်တွေ့ဆုံခွင့် တောင်းဆိုပေမယ့် မတွေ့ဆုံခဲ့တဲ့ ချယ်လ်ဆီးပိုင်ရှင် အေဘရာမိုဗစ်ချ်ဟာ အက်ဖ်အေဖလားပွဲပြီးမှ တွေ့မယ်လို့ အကြောင်းပြန်ခဲ့တာကြောင့် မော်ရင်ဟို ပေါက်ကွဲနေတဲ့ အချိန်မှာ ဘယ်လိုစိတ်ဓာတ်နဲ့ ချယ်လ်ဆီးကို အက်ဖ်အေဖလားရအောင် စွမ်းဆောင်သွားမယ် ဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းနေပါပြီ။

ဂုဏ်သိက္ခာဆယ်ပွဲ

မန်ယူတို့ကြောင့် လက်ရှိပရီမီယာလိဂ်ချန်ပီယံဖလားကို လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ချယ်လ်ဆီးဟာ တိုက်တိုက်

ဒရော့ဘာ

ချယ်လ်ဆီး၏ ကယ်တင်ရှင်အဖြစ် မည်သည့် အတိုးအလှုပ်များဖြင့် ဂိုးသွင်း ယူ မည် ကို စောင့်ကြည့် ရမည့် ဒရော့ဘာ။ (ဓာတ်ပုံ-အင်တာနက်)

ဆိုင်ဆိုင် အက်ဖ်အေဖလား ဖိုင်နယ်ပွဲမှာ မန်ယူနဲ့ လာတွေ့တာကလည်း မော်ရင်ဟိုအတွက်တော့ ဆုံးရှုံးသွားတဲ့ သူ့ရဲ့ဂုဏ်သိက္ခာကို ပြန်ဆယ်ဖို့ ဖြစ်လာတဲ့ပွဲမို့ အနိုင်ရအောင်ကစားမှာတော့ သေချာပါတယ်။

ချယ်လ်ဆီးဟာ လောလောဆယ်တော့ တိုက်စစ်မှူး ရှက်ဗ်ချင်ကို၊ ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်၊ နောက်တန်း ခံစစ်မှူး ကာဗယ်လ်ဟိုနဲ့ကွင်းလယ်ကစားသမား ဂျွန်အိုဘီမီခေးလ်တို့ ဒဏ်ရာတွေကြောင့် ပါဝင်ကစားနိုင်ကြမှာ မဟုတ်ပါဘူး။

ချယ်လ်ဆီးမှာ ဒီလို အမာခံဘောလုံးသမားတွေမပါရှိတာပြင်းထန်တဲ့ ထိုးနှက်ချက်တစ်ရပ်ပါပဲလို့တော့ မော်ရင်ဟိုက ပြောကြားထားပါတယ်။

ချယ်လ်ဆီးအတွက် သိက္ခာဆယ်ပေးမည့် အက်ဖ်အေဖလားကို မော်ရင်ဟို ရယူပေးနိုင်ပါမည်လော။ (ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးတိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည်ကျဆင်းနေတဲ့အပြင် ဒဏ်ရာအနာတရဖြစ်နေတဲ့ အမာခံဘောလုံးသမားတွေကြောင့် မော်ရင်ဟိုဟာ ဝင်ဘလေကွင်းမှာ မန်ယူကို ရင်ဆိုင်ဖို့ လူရွေးချယ်ရေးမှာ အခက်အခဲဖြစ်နေပါပြီ။

ဒါပေမယ့် ဂျိုးကိုးလ် ပြန်ကစားနိုင်ပြီဖြစ်လို့ တောင်ပံတိုက်စစ်တွေ အားကောင်းလာမယ့် အနေအထားရှိသလို ကလူးကလည်း ဒရော့ဘာနှင့် တွဲကစားနိုင်တာမို့ မော်ရင်ဟို ဖြေသာပါလိမ့်မယ်။ ချယ်လ်ဆီးကွင်းလယ်မှာ အက်ဆီယန်နဲ့ လမ်းပတ်တို့ကတော့ သူတို့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြမယ့်သူတွေမို့ ကွင်းလယ်ကစားကွက်ကတော့ မန်ယူကိုကောင်းကောင်း ယှဉ်နိုင်ပါလိမ့်မယ်။

စိန်ခေါ်မှု

နောက်တစ်ချက်ကတော့ ဒီပွဲက ချယ်လ်ဆီးအသင်း အနာဂတ်အတွက် အလွန်အရေးကြီးတဲ့ပွဲဖြစ်နေတာပါပဲ။ အက်ဖ်အေဖလားပွဲပြီးမှ တွေ့မယ်ဆိုတဲ့ အေဗရာမိုဗစ်ချ်ရဲ့ တုံ့ပြန်မှုဟာ မော်ရင်ဟိုကို စူးစူးနစ်နစ် ထိခိုက်နာကျင်မှုဖြစ်စေခဲ့သလို ချယ်လ်ဆီး ဘောလုံးသမားတွေ အတွက်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။

ချယ်လ်ဆီးဟာ လူငယ်ဘောလုံးသမားတွေနဲ့ နောက်နှစ်ဘောလုံးရာသီကို ဖြတ်သန်း သင့်ပြီလို့ ချယ်လ်ဆီးအသင်း အကြံပေးပုဂ္ဂိုလ်တွေရဲ့စကားက ချယ်လ်ဆီးဘောလုံးသမားတွေကို သတိပေးခေါင်းလောင်းသံဖြစ်စေခဲ့တာမို့ ချယ်လ်ဆီးဟာ အကောင်းဆုံးခြေစွမ်းနဲ့ သက်သေပြပြီး အနိုင်ယူဖို့ လိုအပ်လာပြီဖြစ်ပါတယ်။

ပရီမီယာလိဂ်ဖလားကို လက်လွှတ်ဆုံးရှုံးရပေမယ့် **"ပရီမီယာလိဂ်မှာ ချယ်လ်ဆီးဟာ အကောင်းဆုံးအသင်း ဖြစ်တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး"**ဆိုတဲ့ မော်ရင်ဟိုရဲ့ စကား မှန် မမှန်ကို အက်ဖ်အေဖလား ဖိုင်နယ်ပွဲမှာ လက်တွေ့ပြရတော့မှာပါ။

စိတ်ဝင်စားဖွယ်

မန်ယူနဲ့ယှဉ်ဖို့ ဘောလုံးသမား ၁၆ယောက်လောက်ပဲရှိတဲ့ ချယ်လ်ဆီးကို မော်ရင်ဟို ဘယ်လို ကိုင်တွယ်သွားမယ်ဆိုတာကို တွေ့မြင်ရတော့မှာဖြစ်သလို အထနေးတဲ့ ချယ်လ်ဆီးကို မန်ယူ ဘယ်လိုထိုးဖောက် တိုက်စစ်ဆင်သွားမယ်ဆိုတာကလည်း စိတ်ဝင်စားဖွယ် ကောင်းနေပါတယ်။

ဒီပွဲဟာ မန်ယူအတွက်ရော ချယ်လ်ဆီးအတွက်ပါ ဒဏ်ရာကိုယ်စီရင်မှာပိုက်ပြီး ကစားကြရမှာမို့ ရာသီကုန် အဖိုးတန် လက်ကျန် အက်ဖ်အေဖလားဟာ ဘယ်ရင်ခွင်မှာ နားခိုသွားမလဲဆိုတာ မေ ၁၉ ရက် ည ၈ နာရီခွဲမှာ မြန်မာဘောလုံးဝါသနာရှင်တို့ ရုပ်မြင်ဖန်သားပြင်မှာ စိတ်ဝင်တစား စောင့်ကြည့် မြင်တွေ့ကြရမှာ ဖြစ်ပါကြောင်း။ ။

ဗိုလ်တထောင်မြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း ဆွေးနွေးပို့ချ

ရန်ကုန် မေ ၁၆

ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ ဝိုင်အမ်ဘီအေခန်းမတွင် ဖွင့်လှစ်ထားသည့် အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၁၉)တွင် ယနေ့နံနက် ၉ နာရီခွဲက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း ဥက္ကဋ္ဌဦးစံရှိန်က အသင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆေးပြတ်ပြီးသူများအား ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ဘာသာရပ်ကို ဆွေးနွေးပို့ချသည်။ **(ဓာတ်ပုံ)** ဆွေးနွေးပွဲသို့ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးထင်ဝင်းနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ သင်တန်းသားများ အပါအဝင် ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(လူမှုဝန်ထမ်း)**

17-5 (07) 1 5/16/07, 1:59 PM

မလွှန်လွန်းဘူးလား

ထိုနေ့က စာအုပ်စင်တွင် အနှစ်နှစ်အလလ စုဆောင်းထားသော သတင်းစာဖြတ်ပိုင်းများ၊ စာအုပ် စာစောင်များ ကြဲပြန့်နေသည်ကို ပြန်လည်သိမ်းဆည်းနေရသဖြင့် စာဖတ်သူ မိတ်ဆွေများနှင့် စကားဝိုင်းဖွဲ့ရာ ဆုံနေကျ လက်ဖက်ရည်ဆိုင်သို့ ကျွန်တော် မရောက်ဖြစ်ခဲ့ပါ။

ထိုသို့ သိမ်းဆည်းနေစဉ် စာဖတ်သူမိတ်ဆွေတစ်သိုက် ကျွန်တော့်အိမ်သို့ ဆိုင်းမဆင့်ဗုံမဆင့် ရောက်ချလာကြပါသည်။ သူတို့လက်ထဲတွင်လည်း သတင်းစာတချို့၊ ဂျာနယ်တချို့ ပါလာသည်ကို တွေ့လိုက်ရသဖြင့် စကားဝိုင်းဖွဲ့ဆွေးနွေးစရာ တစ်ခုခုတော့ ရှိနေပြီဟု သိလိုက်ပါသည်။

မိတ်ဆွေတစ်ဦးက "စိတ်တော့မရှိနဲ့ဗျာ၊ မတင်မကျဖြစ်နေတာလေးတွေရှိလို့ မအောင့်နိုင်တော့ဘဲ စာဖတ်သူကြီးဆီ ပေါက်ချလာကြတာ"ဟု စကားစလိုက်ပါသည်။

မိတ်ဆွေတစ်ဦးကလည်း"ဒီလိုဗျ၊ အာရှနဲ့ အရှေ့တောင်အာရှမှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့အတူ တရုတ်နဲ့ ဗီယက်နမ်တို့လဲ မရှေးမနှောင်းစတင်ကျင့်သုံးခဲ့ကြတာ မဟုတ်လား"ဟု အစချီလာပါသဖြင့် "ခင်ဗျားဆိုလိုချင်တာက တရုတ်နဲ့ ဗီယက်နမ်တို့က စီးပွားရေးအရ ပိုမိုဖွံ့ဖြိုးတိုးတက်နေကြပြီး မြန်မာနိုင်ငံက သူတို့လောက် မဖွံ့ဖြိုး မတိုးတက်သေးဘူး၊ အဲဒါဘာကြောင့်လဲလို့ ဆွေးနွေးချင်တာမဟုတ်လား"ဟု သူတို့ရည်ရွယ်ချက်ကိုမေးဖြေ ဖြေခဲ့ရာ–

"မှန်ပါတယ်ဗျာ၊ အားမလိုအားမရ ဖြစ်မိတာကိုတော့ ဝန်ခံပါတယ်။ အကြောင်းအမျိုးမျိုးရှိနေတာကြောင့်လို့လဲ တွက်ဆမိပါတယ်၊ တချို့ ပြည်သူတွေကလဲ ဒီလိုပဲတွေးတောနေကြလို့ပါ"

"ခင်ဗျားလိုပဲ ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ (၇/၂၀၀၆)တုန်းကလဲ ဂျာနယ်တစ်စောင်က ဂျာနယ်လစ်တစ်ယောက် အားမလိုအားမရနဲ့ ထမေးခဲ့တာ မှတ်မိကြဦးမယ်ထင်တယ်"

"အဲဒီမေးခွန်းနဲ့ပတ်သက်ပြီး သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက အကြောင်းနဲ့အကျိုး ဆက်စပ်ပြီး အကျယ်တဝင့် ရှင်းပြသွားတယ်ဆိုတာကိုတော့ မှတ်မိလိုက်ပါတယ်"

"ဝန်ကြီးက မြန်မာနိုင်ငံမှာ ဗီယက်နမ်လို ပြည်ပဆရာကြီးရဲ့ စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုတွေသာမရှိခဲ့ရင် လက်ရှိ အခြေအနေထက် နှစ်ဆမျှ ပိုမိုဖွံ့ဖြိုးတိုးတက်နေမှာ ဖြစ်တယ်လို့ ရှင်းလင်းပြောကြားခဲ့တယ်လေ"

"ဒါဆို ပြီးခဲ့တဲ့နှစ် ဗီယက်နမ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ အေပက်အစည်းအဝေးမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က ဗီယက်နမ်ရဲ့ နမူနာကို မြန်မာနိုင်ငံအနေနဲ့ ယူသင့်တယ်လို့ စောင်းပြောသွားတာကို မှန်များမှန်လေသလားလို့ ခင်ဗျားတို့ ဇဝေဇဝါ ဖြစ်နေကြပြီထင်တယ်"

"အဲဒီလိုလဲ မဟုတ်ပါဘူးဗျာ၊ ကိုယ့်နိုင်ငံကို တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်း လျှောက်လှမ်းနိုင်စေချင်တဲ့ အပြုသဘော ဆန္ဒနဲ့ပါ။ ချို့ယွင်းအားနည်းချက်တွေရှိရင်လဲ ဝိုင်းဝန်းထိန်းသိမ်းပြုပြင်နိုင်ဖို့ပါ"

"ကျွန်တော်တို့ဟာ ကံ–ကံ၏အကျိုးနဲ့ အကြောင်းတရားတွေကြောင့် အကျိုးတရား ဖြစ်ပေါ်ရတယ်ဆိုတဲ့ တရားသဘောကို ယုံကြည်လက်ခံထားသူတွေဖြစ်တယ်မဟုတ်လား။ ဒါကြောင့်မို့ ကိစ္စရပ်အားလုံးကို စေ့ဆော်ဖြစ်ပေါ်စေတဲ့ အကြောင်း တရားတွေကို သိမြင်အောင် ရှာဖွေနိုင်စွမ်းရှိရမယ်။ အဲ့ဒီအကြောင်းတရား တွေကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားကိုလဲ သုံးသပ်နိုင်စွမ်းရှိရမယ်။ ကောင်းမွန်တဲ့ အကျိုးတရားတွေ ဖြစ်ပေါ်လာအောင် မကောင်းတဲ့အကြောင်းတရားတွေကို ပယ်သတ်ပြီး ကောင်းတဲ့အကြောင်းတရားတွေကို ပျိုးထောင်ကြရမယ် မဟုတ်လား"

"မှန်ပါတယ်ဗျာ၊ တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ကို စတင်ယူချိန်က ယနေ့အထိ ပြည်သူတွေလိုလားတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးကို ဦးလည်မသုန် ဆောင်ရွက်ပေးနေတယ်ဆိုတာကို လေ့လာသိရှိထားတာနဲ့အမျှ ခင်ဗျားတို့၊ ကျွန်တော်တို့က ယုံကြည်သက်ဝင် လက်ခံထားကြသူတွေပါ"

"ဒါဆို ကျွန်တော် မေးခွန်းတစ်ခု ထုတ်ချင်တယ်။ ဒီနေ့ တရုတ်ပြည်မှာရော၊ ဗီယက်နမ်မှာရော ကျွန်တော်တို့နိုင်ငံမှာလို အတိုက်အခံလို့ နာမည်ခံပြီး အစိုးရလုပ်သမျှ အကောင်းမမြင် အဆိုးသာထင်ပြီး ပြည်ပအားကိုးနဲ့ ကဖျက်ယဖျက် ဖျက်လိုဖျက်ဆီးလုပ်နေတဲ့ နိုင်ငံရေးပါတီဆိုတာ ရှိသလား"

"ဟာ–ဘယ်မှာရှိမှာလဲ၊ သူတို့ဆီမှာက အမျိုးသားနိုင်ငံရေးအင်အားစုတစ်ခုတည်းရဲ့ ဦးဆောင်မှုအောက်မှာ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ သူတို့ရဲ့ အမျိုးသားရေးအကျိုးစီးပွားကို တစ်စိတ်တည်း တစ်ဝမ်းတည်း အင်တိုက်အားတိုက် အကောင်အထည်ဖော်နေကြတာ လေဗျာ"

"နောက်ပြီး မတရားအသင်းတွေ၊ အကြမ်းဖက်အဖွဲ့တွေအဖြစ် နိုင်ငံတော်က ကြေညာရလောက်တဲ့အထိ ဆိုးသွမ်းအကြမ်းဖက်နေတဲ့ အမျိုးသားသစ္စာဖောက် ပြည်ပြေးသောင်းကျန်းသူတွေလဲ မရှိဘူးဗျ။ စင်ပြိုင်အစိုးရဆိုတာမျိုးဖွဲ့ပြီး ပြည်ပဆရာကြီးအားကိုးနဲ့ နိုင်ငံတကာမှာ လူတွင်ကျယ် လုပ်နေတဲ့အဖွဲ့တွေလဲ မရှိဘူးဗျ"

"ဟုတ်ပြီ၊ ဒါဆိုရင် အဲဒီနိုင်ငံတွေအပေါ်မှာ ပြည်ပဆရာကြီးရဲ့ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြယ်လှယ်ကြိုးကိုင်မှုတွေရော ရှိသလားဗျာ"

"ဖုံးကွယ် ပုံဖျက်ထားတဲ့ ပြည်ပ ပယောဂ အနည်းအကျဉ်းတော့ ရှိကောင်းရှိမယ်ထင်တယ်။ ဒါပေမယ့် ကျွန်တော်တို့မြန်မာနိုင်ငံအပေါ်မှာလို ရန်သူလိုသဘောထားပြီး ပြောင်ပြောင်တင်းတင်း စွက်ဖက်ဖိအားပေးနေတာမျိုး မရှိတာကတော့ သေချာတယ်"

"အဖြေက အဲဒါပဲဗျ။ ပြည်ပဆရာကြီးက နိုင်ငံတကာဆက်ဆံရေးမှာ သူနဲ့မတူ သူ့ရန်သူလို့ သတ်မှတ်ထားပေမယ့် ချိုသင့်တဲ့နေရာမှာ ချိုပြီးတော့ ဆက်ဆံရမယ့်နိုင်ငံ၊ မျက်နှာသာပေးပြီး ဖက်လဲတကင်းဆက်ဆံရမယ့်နိုင်ငံ၊ တစ်ဖက်သတ်အမြင်နဲ့ တစ်ဖက်စောင်းနင်းဖိအားပေးရမယ့်နိုင်ငံ၊ စစ်ရေးအရ ကျူးကျော်စော်ကားရမယ့်နိုင်ငံ စသည်ဖြင့် ပထဝီနိုင်ငံရေးအရရော၊ နိုင်ငံရေးမဟာဗျူဟာအရရော စံအမျိုးမျိုး ခွဲခြားဆက်ဆံနေတယ်လေဗျာ"

"သဘောပေါက်ပြီဗျို့။ ကျွန်တော်တို့ မြန်မာနိုင်ငံအပေါ် ၁၉၈၈ ဆူပူအကြမ်းဖက်မှု အရေးအခင်းကာလစပြီး ရေတပ်သင်္ဘောအုပ်စုတစ်စုနဲ့ အယောင်ပြဖိအားပေးခဲ့တယ်။ လွှတ်တော်အမတ်ဆိုသူတွေလာရောက်ပြီး မဆီမဆိုင် ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရေး၊ လွှတ်တော်ခေါ်ယူရေးစသည်ဖြင့် သပ်လျှိုလှုံ့ဆော်ခဲ့တယ်။"

"ဒါတင်ဘယ်ကမလဲ၊ အရေးအခင်းကာလကျမှ လူပေါ်လူဇော်တက်လုပ်လာတဲ့ နိုင်ငံရေးသင်ပုန်းကြီးမကျေတဲ့ လူတစ်စုကိုလဲ ပြည်ပဆရာကြီးရဲ့ သံရုံးကတစ်ဆင့် မြှောက်ပင့်အားပေး သွေးထိုးခဲ့တယ်မဟုတ်လား"

"အဲဒါကို အဟုတ်ကြီးမှတ်ပြီး ပေါ်ပင်နိုင်ငံရေးသမားတွေက လူတွင်ကျယ်လုပ်ခဲ့ကြတယ်လေ။ ဒီမိုကရေစီအရေးလို့ ဗန်းပြကြွေးကြော်၊ မြန်မာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ပွဲလုန့်ဖျာခင်းပြီး ဒီမိုကရေစီမောင်ပိုင်စီးခဲ့ကြတာဗျ"

"အဲဒီအချိန်ကစပြီး NLD ဥက္ကဋ္ဌ ဦးတင်ဦးက မြန်မာနိုင်ငံအပေါ် ရင်းနှီးစွာအသိအမှတ်ပြု ဆက်ဆံနေကြတဲ့ တရုတ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဂျပန် အစရှိတဲ့ ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေကို ဝေဖန်ပြစ်တင်မှုတွေလုပ်ခဲ့တယ်။ အမေရိကန်သမ္မတနဲ့ နိုင်ငံခြားရေးဝန်ကြီး

စာဖတ်သူတစ်ဦး

အပါအဝင် သူတို့အားကိုးလို့ ရမယ်ထင်တဲ့ တခြားနိုင်ငံတွေက ဝန်ကြီးချုပ်တွေ၊ နိုင်ငံခြားရေးဝန်ကြီးတွေဆီ အသနားခံစာတွေရေးပြီး မြန်မာနိုင်ငံနဲ့ ကုန်သွယ်မှု၊ ဆက်သွယ်ဆက်ဆံမှု၊ ရင်းနှီးမြှုပ်နှံမှုတွေ မပြုလုပ်ကြဖို့ မြန်မာနိုင်ငံအပေါ် ဝိုင်းပြီးဖိအားပေးကြဖို့ တိုက်တွန်းတောင်းဆိုခဲ့တယ်လေ"

"တစ်ပြည်သူမရွေးထားလို့ တင်စားလောက်တဲ့ NLDဒေါ်စုကြည်ကလဲနိုင်ငံရေးကစားကွက်တွေ ပြုလုပ်ပြီး တပ်မတော်အစိုးရအပေါ် ထိုးနှက်တိုက်ခိုက်တဲ့ အမနာပစကားတွေကို အာပေါင်အာရင်း သန်သန်နဲ့ မုန်တိုင်းထန်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါကြောင့်မို့ ပြည်ပသတင်းဌာနတွေက တပ်မတော်အစိုးရအပေါ် တစ်ဖက်သတ် အမြင်ကျဉ်းမြောင်းမှုတွေနဲ့ ကနေ့အထိ ဆန့်ကျင်လာခဲ့ကြတယ်။ ပုံပျက်ပန်းပျက်သတင်းတွေ၊ ပုံကြီးချဲ့ သတင်းတွေနဲ့ နိုင်ငံတကာက ထင်ယောင်ထင်မှားဖြစ်အောင် ဆွမ်းကြီးဝိုင်းလောင်းခဲ့ကြတယ်"

"အရေးအခင်းကာလက ဆူပူအကြမ်းဖက်ခဲ့မှုတွေကို အရှိန်မသတ်နိုင်ဘဲ ရပ်ရွာအေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး ထိခိုက်ပျက်ပြားအောင် ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေကိုတောင် ရမ်းရမ်းကားကား ဆက်လုပ်ခဲ့ကြသေးတယ်"

"ဒါကြောင့်မို့ ဗကပယူဂျီတွေက ၁၉၈၉ခုနှစ် အာဇာနည်နေ့ကို ဒုတိယတော်လှန်ရေး (Second Revolution)နေ့အဖြစ် သတ်မှတ်ပြီး သွေးချောင်းစီးတဲ့ ဖြစ်ရပ်တစ်ခုပေါ်ပေါက်အောင် ထောင်ချောက်ဆင်ကျုံးသွင်းခဲ့တဲ့အထဲ ဒေါ်စုကြည်နဲ့ NLD တွေ ဝင်တိုးတော့မယ့်ဆဲဆဲမှာ တပ်မတော်အစိုးရက အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့လို့သာ ကျွန်တော်တို့ပြည်သူတွေ နိုင်ငံရေး ရေတိမ်နစ်မယ့်အရေးက ကင်းဝေးခဲ့ရတာ မဟုတ်လား"

"အဲဒီတုန်းက ဆိုရှယ်လစ်စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာတဲ့ မြန်မာနိုင်ငံရဲ့သဘာဝသယံဇာတ အရင်းအမြစ်ကြွယ်ဝမှုနဲ့ လူ့စွမ်းအားအရင်းအမြစ် တည်ရှိနေမှုတွေကြောင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေ လာရောက်ရင်းနှီးမြှုပ်နှံဖို့ မျက်စိကျနေကြတယ်၊ မြန်မာနိုင်ငံဟာ သူတို့အတွက် ရင်းနှီးမြှုပ်နှံဖို့ အခြေခံကောင်းတွေ ပိုရှိတယ်လို့ ယူဆနေကြကြောင်း သတင်းတွေ ဖတ်မိ ကြားသိခဲ့ရသလားလို့"

"အဲဒါအမှန်ပဲ၊ အဲဒီကာလတုန်းက အဲဒီလိုကောင်းသတင်းတွေ ပျံ့နှံ့ ခဲ့တာ အသေအချာပဲပေါ့။ စာနယ်ဇင်းတိုင်း ခေတ်သမိုင်းဆိုသလို အဲဒီတုန်းကထုတ်ဝေခဲ့တဲ့ သတင်းစာတွေမှာ သတင်းတွေ၊ သတင်းဆောင်းပါးတွေ ဝေဝေဆာဆာဖော်ပြခဲ့တာ ပြန်ပြီးလေ့လာရင် အထင်အရှား တွေ့ရှိနိုင်ပါတယ်"

"ဟုတ်လား၊ စာဖတ်သူဆီမှာ လက်လှမ်းတမီရှိရင် ပြပါဦးဗျာ၊ နှစ်ပေါင်း ၁၈ နှစ်လောက် ကြာခဲ့ပြီဆိုတော့ အားလုံးလိုလိုက မေ့လောက်နေကြပြီ။ အသက် ၁၉ နှစ်မှ ၂၀ အရွယ် လူငယ်တွေဆိုရင် ဘယ်သိနိုင်ကြတော့မလဲ။ ကျွန်တော်တို့လို ၄၀ ကျော် ၅၀ အရွယ်တွေတောင် အမှုမဲ့ အမှတ်မဲ့ဖြစ်ကုန်ကြပြီ"

"အဲဒီကာလတုန်းက မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်ကို ထဲထဲဝင်ဝင်သိရှိနေတဲ့ နိုင်ငံခြားသားတွေကိုယ်တိုင် သတင်းစာတွေမှာ ဝေဖန်သုံးသပ်တဲ့ သတင်းဆောင်းပါးတွေ ရေးသားဖော်ပြခဲ့ကြတယ်။ ကျွန်တော် အခုပဲ စာအုပ်စင်ရှင်းရင်း သိမ်းထားတဲ့ ဆောင်းပါးလေးတစ်စောင်တွေ့ထားတာနဲ့အတော်ပဲ"

"စိတ်ဝင်စားစရာပဲဗျာ၊ အဲဒီသတင်းဆောင်းပါးကို ဖတ်ပြပါဦး"

"၁၉၈၉–၉၀ ခုနှစ်ကာလက မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ အလားအလာတွေကိုရည်ညွှန်းပြီး ဝေဖန်သုံးသပ်ခဲ့တဲ့ နိုင်ငံခြားသားတစ်ဦးကတော့ Merrill Lynch ကုမ္ပဏီရဲ့ အာရှ–ပစိဖိတ်ဥက္ကဋ္ဌဟောင်း မိုက်ကယ်ဒေါ့ဟစ်ဂင်ဆင်ဆိုသူပဲဖြစ်တယ်ဗျ။ သူက Asia Pacific New World Disorder စာအုပ်ကို ရေးသားခဲ့သူလဲဖြစ်တယ်။ မိုက်ကယ်ဒေါ့ဟစ်ဂင်ဆင်က **'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဘာသဘောနဲ့ လုပ်ဆောင်နေတာလဲ'**ဆိုတဲ့ ဆောင်းပါးထဲမှာ အခုလို ရေးသားထားတယ်–

> **လက်ရှိမြန်မာနိုင်ငံအစိုးရ၏ အားကြိုးမာန်တက်ဆောင်ရွက်မှုအရလည်းကောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအသိုင်းအဝိုင်း၏ တရုတ်ပြည်နှင့်ဗီယက်နမ်နိုင်ငံအခြေအနေများအပေါ် ကျေနပ်မှု မရှိသောကြောင့်လည်းကောင်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများသည် မြန်မာနိုင်ငံအပေါ် ပိုမိုအာရုံစိုက်လာသည်ကို ထင်ထင်ရှားရှား တွေ့မြင်နေရပါသည်။**
>
> **ထို့ကြောင့် ကိုယ်ပိုင်ရည်မှန်းချက်အမျိုးမျိုးဖြင့် အချင်းချင်း အငြင်းပွားနေသည့်အုပ်စုဝင်အများအပြား ပေါင်းစုဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)သည် ယခုအတိုင်းတာဝန်မဲ့ပြီး တစ်ကိုယ်ကောင်းဆန်ဆန် ဆက်လက်ကျင့်ကြံပြုမူနေပါက ယင်းလုပ်ရှားဆောင်ရွက်မှု၏ ဆိုးကျိုးကို ခံစားရမည့်သူမှာ တပ်မတော်အစိုးရမဟုတ်ပေ။ သာမန်မြန်မာပြည်သူပြည်သားများသာ ဖြစ်လိမ့်မည်။**
>
> **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏ လုပ်ဆောင်ချက်များကြောင့် နိုင်ငံခြားအစိုးရများက ကူညီထောက်ပံ့မှုများ ကမ်းလှမ်းခြင်း မပြုတော့ဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်းမရှိတော့ပါက သာမန်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသော လျှပ်စစ်ဓာတ်အားနှင့်ရေဖြန့်ဖြူးမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု စသည်တို့ကို ထိခိုက်နိုင်ရုံသာမက ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်မှုကိုလည်း များစွာထိခိုက်စေမည် ဖြစ်သည်။**
>
> နိုင်ငံတကာသတင်းဌာနများက အမျိုးမျိုးလှုံ့ဆော်ရေးသားလျက်ရှိသဖြင့် **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏ လုပ်ဆောင်ချက်များကြောင့် နိုင်ငံအတွင်းဆူပူမှုအသစ်များ ပေါ်ပေါက်လာနိုင်သည်ဟု နိုင်ငံခြားအစိုးရများနှင့် ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ထင်မြင်လာနိုင်ပါသည်။**
>
> ထို့ကြောင့် မြန်မာလူမျိုးတစ်ဦးအနေနှင့်သာမက မြန်မာ**နိုင်ငံသားများအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)၏ အကျိုးယုတ်စေမည့် တစ်ကိုယ်ကောင်းဆန်သော လုပ်ဆောင်ချက်များကို ပိုမိုသဘောပေါက် နားလည်ရန် အချိန်တန်နေပြီဖြစ်သည်။**
>
> **အခြေအနေမှန်များကို ပိုမိုသဘောပေါက်လာသည်နှင့်အမျှ ပြည်သူတို့၏ လက်ရှိအစိုးရအပေါ် ထောက်ခံမှုသည်လည်း ပိုမိုနီးကြားတက်ကြွလာမည်မှာ အမှန်ပင်ဖြစ်သည်။ လက်ရှိအစိုးရတာဝန်ယူသည့်လက်ထက်တွင် နိုင်ငံ၏ကောင်းမွန်သော အနာဂတ်အနေအထားသည် ပိုမိုပုံပေါ်လာလျက်ရှိပြီး နိုင်ငံတွင်လည်း တိုးတက်မှုများ အမှန်တကယ်ရလျက်ရှိသည်ကို ပြည်သူများက သဘောပေါက် နားလည်ထားကြပြီး ဖြစ်ပါသည်။**
>
> **နိုင်ငံခြားမှကူညီထောက်ပံ့မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ တစ်နေ့တခြား ပိုမိုများပြားလာလျက်ရှိသည်ဆိုသည့် အချက်ကိုလည်း နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုက သက်သေခံလျက်ရှိပါသည်။**
>
> ယခုအချိန်ကာလတွင် အုပ်စုအချင်းချင်းကွဲနေပြီး အခြေ**အနေနှင့် အနေအထားကိုလည်းမသိ၊ အတွေ့အကြုံလည်း လုံးဝမရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)က နိုင်ငံကို အုပ်စိုးရန်ကြိုးပမ်းနေခြင်းသည် ကျွန်တော့်အတွက် လွန်စွာပင် စိတ်တုန်လှုပ်ချောက်ချားစေသည့် ကြောက်မက်ဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခု ဖြစ်နေပါသတည်း––**

တဲ့၊ ကဲ–စဉ်းစားသာ ကြည့်ကြပါတော့"

"ဟာ–အရင်းစစ်တော့ အမြစ်မြေကဆိုတာ တယ်မှန်ပါလား။ အဲဒီပုဂ္ဂိုလ် လွန်ခဲ့တဲ့ ၁၈ နှစ်က ကြိုတင်မျှော်တွေးရေးသားတွက်ဆထားတဲ့အတိုင်း ကျွန်တော်တို့မြန်မာနိုင်ငံဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လို့ဆိုတဲ့ ပါတီနိုင်ငံရေးသမား NLDတွေရဲ့ တစိုက်မတ်မတ် လုပ်ကြံခြေထိုးမှုကြောင့် တာထွက်ကောင်းသလောက် ပန်းဝင်နောက်ကျနေရတာပါကလား"

"ဒီ့ထက်ပိုဆိုးတာက ဒေါ်စုကြည်နဲ့ NLDတွေ၊ ပြည်ပြေး NLD တွေနဲ့ အပေါင်းပါတွေရဲ့ သွေးထိုးလှုံ့ဆော် တောင်းဆိုမှုကြောင့် အမေရိကန်က ၁၉၉၃ခုနှစ်ကစပြီး မြန်မာနိုင်ငံကို ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာကူညီထောက်ပံ့မှုနဲ့ ကမ္ဘာလှည့်ခရီးသွားလာမှု စတာတွေကို Sanctionအဖြစ် ချမှတ်ပြီး ဝိုင်းဝန်းပိတ်ဆို့စေခဲ့တာပဲ"

"အဲဒီလို ပြည်ပကပိတ်ဆို့တားဆီးမှုတွေ၊ ပြည်တွင်းအဖျက်သမားတွေက မတည်ငြိမ်အောင် သွေးထိုးလှုံ့ဆော်မှုတွေ၊ ဆူပူလှုပ်ရှားမှုတွေကြောင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်တွေက ဘယ်လို ဘယ်နည်းနဲ့ ဝင်ရောက်ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေကို ဖြောင့်ဖြောင့်တန်းတန်း ဆောင်ရွက်နိုင်တော့မှာလဲ?၊ အဖြေက–အဲဒါပဲဗျ"

"အဲဒီလို ပြည်ပကစီးဝင်လာမယ့် ရင်းနှီးမြှုပ်နှံမှုတွေ ရပ်တန့်တုံ့ဆိုင်းပြီး နိုင်ငံတကာ ငွေကြေးကူညီထောက်ပံ့မှုတွေ တစ်ပြားတစ်ချပ်မျှမရတဲ့ကြားက ဆယ်စုနှစ်ကာလအတွင်းမှာ ကျွန်တော်တို့

အခြေအနေ... ပြည်သူတို့၏ လ... နီးကြားတက်ကြွ... တာဝန်ယူသည့်လ... အနေအထားသ... တိုးတက်မှုများ အ... သဘောပေါက်နာ...

နိုင်ငံကို ကဏ္ဍစုံ၊ ဒေသစုံမှာ အော... စားဝတ်နေမှုဖူလုံပြည့်စုံအောင်၊ ပြည်သ... တော်ဖြစ်ထွန်းပေါ်ပေါက်အောင် အခြေ... ကောင်းတွေ တည်ဆောက်ပေးနိုင်စွမ်း... လောက်တယ်နော်"

"အမှန်ကတော့ ပြည်တွင်းပြည်ပအ... ရေနစ်သူဝါးကူထိုးသလို ဝိုင်းပြီးလုပ်ကြ... နှလုံးမူပြီး ယောက်ျားတို့လုံ့လ သေ... သန်နဲ့ အားကောင်းမောင်းသန် ကူးခတ်... အခြေအနေအထိ မြန်မာနိုင်ငံရောက်ရှိနေ... သဘောပေါက်... ... ခုံသွင်းနိုင်ကြဖို့ အ...

"ဒါနဲ့ဗျာ၊ မြန်မာနိုင်ငံအပေါ် အ... ဖိအားပေးနေသလောက် ဗီယက်နမ်... ပံ့ပိုးမှုတွေပေးနေကြတာ ဘာကြောင့်လ... အမေရိကန်တွေ တစ်ချိန်တုန်းက ရန်သူ... ရောက် ဝင်ရောက်ကျူးကျော်စော်ကား...

"ကိုလိုနီနယ်ချဲ့လက်သစ်ရဲ့ ဝင်ရေ... ဗီယက်နမ်က တိုင်းချစ်ပြည်ချစ်စိတ်၊ ... ကာကွယ် တိုက်ထုတ်ခဲ့တယ်လေဗျာ။ ... အတွက် ကမ္ဘာ့အလယ်မှာ မျက်နှာပျ... ကျူးကျော်စစ်ပဲဖြစ်တယ်"

"ဟုတ်တယ်၊ ကမ္ဘာ့အလယ်မှာ အ... စစ်ပွဲကြောင့် သေးသိမ်နိမ့်ကျသွားခဲ့ရတ... သိက္ခာဆယ်ဖို့ အလိုအပ်ကြီးလိုအပ်နေ... တုန်းကတော့ ရန်သူ၊ အခုတော့ မိတ်ဆွေ... ဖေးဖေးမမနဲ့ ဆက်ဆံသမှုပြုနေတယ်လို့... အရ သုံးသပ်မိတယ်"

"ဒါလဲ ဟုတ်နိုင်ပါတယ်၊ ဒါ့အပြင်... သူတို့ အသုံးချလို့ရမယ့် လက်ကိုင်... အကြောင်းတစ်ခု ဖြစ်မယ်ထင်ပါတယ်... နိုင်ငံ တိုးတက်ကြီးပွားချမ်းသာတာကို... တယ်။ ဗီယက်နမ်စစ်ပွဲကာလမှာ တရား... ကိုယ့်လူမျိုးကို စွမ်းစွမ်းတမံ ကာကွယ်... ပြည်သူတွေကို ကျွန်တော်တို့နိုင်ငံနဲ့ ပြ... အရ သောင်းသောင်းဖြဖြ အားပေး... အထင်အရှားပါပဲ"

"ဒါနဲ့ ပြောရဦးမယ်၊ ဗီယက်နမ်... လာမှုအရ သူတို့မှာလဲ လျှပ်စစ်ဓာတ်အာ... သတင်းတွေဖတ်ရတယ်။ တရုတ်ပြည်... အတွက် လျှပ်စစ်ဓာတ်အားတွေ ဝယ်ယူ... တစ်စောင်မှာ တွေ့လိုက်ရတယ်။ မြ... လျှပ်စစ်ဓာတ်အား အလွန်အမင်းလိုအပ်... အလှည့်ကျ လျှပ်စစ်ဓာတ်အားပေးနေရ... လိုက်မိတယ်"

"မျက်မှောက်ခေတ်မှာ လျှပ်စစ်ဓာ... တော့ အတိုင်းတိုင်းအပြည်ပြည်မှာပဲလို့ ... တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးအတွက်... စီမံကိန်းတွေ ရင်းနှီးမြှုပ်နှံပြီး သူ့နိုင်ငံက...

"ကျွန်တော်တို့နိုင်ငံမှာလဲ လူနေ... လာမှု၊ စက်ရုံအလုပ်ရုံတွေ များပြား... လိုအပ်ချက်တွေဖြစ်ပေါ်လာနေတယ်။

အခြေအနေမှန်များကို ပိုမိုသဘောပေါက်လာသည်နှင့်အမျှ ပြည်သူတို့၏ လက်ရှိအစိုးရအပေါ် ထောက်ခံမှုသည်လည်း ပိုမိုနိုးကြားတက်ကြွလာမည်မှာ အမှန်ပင်ဖြစ်သည်။ လက်ရှိအစိုးရ တာဝန်ယူသည့်လက်ထက်တွင် နိုင်ငံ၏ကောင်းမွန်သော အနာဂတ် အနေအထားသည် ပိုမို ပုံပေါ်လာလျက်ရှိပြီး နိုင်ငံတွင်လည်း တိုးတက်မှုများ အမှန်တကယ် ရလျက်ရှိသည်ကို ပြည်သူများက သဘောပေါက်နားလည်ထားကြပြီး ဖြစ်ပါသည်။

နိုင်ငံကို ကဏ္ဍစုံ၊ ဒေသစုံမှာ အောက်ကျနောက်ကျမဖြစ်ရအောင်၊ စားဝတ်နေမှုဖူလုံပြည့်စုံအောင်၊ ပြည်သူတွေလိုလားတဲ့ ခေတ်မီနိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်အောင် အခြေခံကောင်းတွေ၊ အလားအလာကောင်းတွေ တည်ဆောက်ပေးနိုင်စွမ်းကတော့ အံ့မခန်းပဲလို့ ဆိုရလောက်တယ်နော်"

"အမှန်ကတော့ ပြည်တွင်းပြည်ပအဖျက်သမားတွေက မြန်မာနိုင်ငံကို ရေနစ်သူဝါးကူထိုးသလို ဝိုင်းပြီးလုပ်ကြံခဲ့ကြတာလေ။ မဟာဇနက္ကထုံး နှလုံးမူပြီး ယောကျ်ားတို့လုံ့လ သေခါမှလျှော့မယ်ဆိုတဲ့ ဖွဲစိတ်သန်သန်နဲ့ အားကောင်းမောင်းသန် ကူးခတ်ကျော်ဖြတ်နိုင်ခဲ့လို့သာ အခုလိုအခြေအနေအထိ မြန်မာနိုင်ငံရောက်ရှိနေရတယ်ဆိုတာကို မှန်မှန်ကန်ကန် သဘောပေါက် နှလုံးသွင်းနိုင်ကြဖို့ အရေးကြီးပါတယ်"

"ဒါနဲ့ဗျာ၊ မြန်မာနိုင်ငံအပေါ် အခုလို အငြိုးကြီးကြီးနဲ့ ပိတ်ဆို့ဖိအားပေးနေသလောက် ဗီယက်နမ်နိုင်ငံကျတော့ ဝိုင်းဝန်းကူညီပံ့ပိုးမှုတွေပေးနေကြတာ ဘာကြောင့်လဲဗျ။ ဗီယက်နမ်ဆိုရင် သူတို့အမေရိကန်တွေ တစ်ချိန်တုန်းက ရန်သူလို စစ်ကြေညာပြီး ကိုယ်ထိလက်ရောက် ဝင်ရောက်ကျူးကျော်စော်ကားခဲ့တာပဲ"

"ကိုလိုနီနယ်ချဲ့လက်သစ်ရဲ့ ဝင်ရောက်ကျူးကျော် တိုက်ခိုက်မှုကို ဗီယက်နမ်က တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ အသေအလဲ ခုခံကာကွယ် တိုက်ထုတ်ခဲ့တယ်လေဗျာ။ ဗီယက်နမ်စစ်ပွဲဟာ အမေရိကန်အတွက် ကမ္ဘာ့အလယ်မှာ မျက်နှာပျက် မဟာအရှက်တော်ကွဲခဲ့ရတဲ့ ကျူးကျော်စစ်ပဲဖြစ်တယ်"

"ဟုတ်တယ်၊ ကမ္ဘာ့အလယ်မှာ အမေရိကန်ရဲ့ပုံရိပ်ဟာ ဗီယက်နမ်စစ်ပွဲကြောင့် သေးသိမ်နိမ့်ကျသွားခဲ့ရတယ်။ အဲဒီရှုံးကြေးကို ပြန်ဆပ်ပြီး သိက္ခာဆယ်ဖို့ အလိုအပ်ကြီးလိုအပ်နေတယ်လေ။ ဒါကြောင့်မို့ တစ်ချိန်တုန်းကတော့ ရန်သူ၊ အခုတော့ မိတ်ဆွေပုံစံချိုးပြီး လိုက်လိုက်လျောလျော ဖေးဖေးမမနဲ့ ဆက်ဆံသမှုပြုနေတယ်လို့ ကျွန်တော် ကိုယ်ပိုင်အယူအဆ အရ သုံးသပ်မိတယ်"

"ဒါလဲ ဟုတ်နိုင်ပါတယ်၊ ဒါ့အပြင် ဗီယက်နမ်နိုင်ငံမှာ ဒီမိုနိုင်ငံမှာလိုသူတို့ အသုံးချလို့ရမယ့် လက်ကိုင်တုတ် ပုဆိန်ရိုးတွေ မရှိတာလဲ အကြောင်းတစ်ခု ဖြစ်မယ်ထင်ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ဗီယက်နမ်နိုင်ငံ တိုးတက်ကြီးပွားချမ်းသာတာကို ကျွန်တော်တို့ မုဒိတာပွားရပါတယ်။ ဗီယက်နမ်စစ်ပွဲကာလမှာ တရားသောစစ်ဆင်နွှဲပြီး ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးကို စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်ခဲ့တဲ့ ဗီယက်နမ်ပြည်သူတွေကို ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေက စိတ်ဓာတ်ရေးရာ အရ သောင်းသောင်းဖြဖြ အားပေးထောက်ခံခဲ့ကြတာ သမိုင်းမှာ အထင်ရှားပါပဲ"

"ဒါနဲ့ ပြောရဦးမယ်၊ ဗီယက်နမ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုအရ သူတို့မှာလဲ လျှပ်စစ်ဓာတ်အား လိုအပ်ချက်တွေ ရှိနေတယ်လို့ သတင်းတွေဖတ်ရတယ်။ တရုတ်ပြည်ကနေ ဗီယက်နမ်ပြည်နယ်တချို့အတွက် လျှပ်စစ်ဓာတ်အားတွေ ဝယ်ယူနေရတယ် သတင်းကို ဂျာနယ်တစ်စောင်မှာ တွေ့လိုက်ရတယ်။ မကြာသေးခင်ကပဲ ဗီယက်နမ်မှာ လျှပ်စစ်ဓာတ်အား အလွန်အမင်းလိုအပ်နေတာကြောင့် အချို့ဒေသတွေမှာ အလှည့်ကျ လျှပ်စစ်ဓာတ်အားပေးနေရတယ်ဆိုတဲ့ သတင်းကိုလဲ ဖတ်လိုက်မိတယ်"

"မျက်မှောက်ခေတ်မှာ လျှပ်စစ်ဓာတ်အားနဲ့ စွမ်းအင်လိုအပ်ချက်ကတော့ အတိုင်းတိုင်းအပြည်ပြည်မှာပဲလို့ ပြောရမှာဖြစ်တယ်။ အိန္ဒိယကလဲ တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးအတွက် ဘူတန်နိုင်ငံမှာ ရေအားလျှပ်စစ်စီမံကိန်းတွေ ရင်းနှီးမြှုပ်နှံပြီး သူ့နိုင်ငံကို သွယ်တန်းဖို့ လုပ်နေရတယ်"

"ကျွန်တော်တို့နိုင်ငံမှာလဲ လူနေမှုအဆင့်အတန်းတွေ မြင့်တက်လာမှု၊ စက်ရုံအလုပ်ရုံတွေ များပြားလာမှုကြောင့် လျှပ်စစ်စွမ်းအား လိုအပ်ချက်တွေဖြစ်ပေါ်လာနေတယ်။ ဒါကို ပြည့်စုံလုံလောက်အောင် အမြန်ဖြည့်တင်းပေးနိုင်ဖို့အတွက် ရေအားလျှပ်စစ်စီမံကိန်းကြီးတွေ အဆက်မပြတ်တည်ဆောက်ပေးနေတာ မျက်မြင်ထင်ရှားပါပဲ"

"ဒါတင်ဘယ်ကဦးမလဲဗျာ၊ နောင် လေး၊ ငါး၊ ဆယ်နှစ်အတွင်း မြန်မာနိုင်ငံရဲ့ ကြွယ်ဝတဲ့ရေသယံဇာတကိုအသုံးချပြီး ပေါ်ထွန်းလာမယ့် ရေအားလျှပ်စစ်စီမံကိန်းကြီးတွေကနေ ဒေသခံပြည်သူတွေ လျှပ်စစ်ဓာတ်အား အလျှံပယ်သုံးစွဲနိုင်ရုံမက ပြည်ပကို သွယ်တန်းရောင်းချနိုင်ဖို့အထိ ရည်ရွယ်ဆောင်ရွက်နေတာကိုလဲ လူတိုင်းသိရှိနေကြပါတယ်"

"လူတိုင်းသိရှိနေတယ်ဆိုလို့ ပြောရဦးမယ်။ အသိခေါက်ခေါက် အဝင်နက်ပြီး လူပြိန်းလိုလို၊ သူ့ရဲကောင်းလိုလိုလူတစ်စုရော၊ နိုင်ငံရေးဖြတ်စားလျှပ်စားလုပ်နေတဲ့ လူတစ်စုကရော မြန်မာနိုင်ငံမှာ ၂၄ နာရီ မီးလင်းရေးဆိုပြီး သခွတ်ပင်က မီးတကျည်ကျည်လုပ်နေတာ ဘာသဘောလဲဗျ"

"ပန်းကောင်းအညွန့်ချိုးလုပ်နေတဲ့ သဘောပဲဗျ၊ ဒီနေရာမှာ ပုဂံခေတ် ရှင်ဒိသာပါမောက်ရဲ့စကားကို မှတ်မိသမျှ ကိုးကားဖော်ပြလိုတယ်၊ 'ဥယျာဉ်စိုက်သော ယောကျ်ားကောင်းသည် အညွန့်ကို မဆိတ်၊ အသီးအပွင့်ကို ခူးဆွတ်၏'ဆိုတဲ့ စကား ဥပမာလေးပါပဲ"

"ဟိုတလောက သတင်းစာထဲမှာ ဖတ်လိုက်ရတဲ့ ဆောင်းပါး တစ်ပုဒ်က ဆိုလိုချက်ကလေးကိုလဲ ပြန်အမှတ်ရမိတယ်၊ 'ဘယ်သူမှ ကိုယ့်အိမ်ကိုကိုယ် မီးတင်မရှို့ဘူး၊ မီးတင်ရှို့ရင်လဲ အဲဒီလူဟာ ရူးနေလို့ပဲဖြစ်မယ်'တဲ့"

"ဟုတ်လိုက်လေဗျာ၊ နိုင်ငံရေးအရူးချေးပန်းတွေရဲ့ လုပ်ရပ်ကတကယ်ကို သြချဖွယ်ကောင်းတယ်၊ ပြည်တွင်းက နိုင်ငံရေးလူပြိန်းတွေက ၂၄ နာရီ မီးလင်းရေးဆိုပြီး ဆူပူလှုံ့ဆော်ချင်ကြတယ်၊ ပြည်ပရောက်နိုင်ငံရေး သူငယ်နုပ်စားပြည်ပြေးတွေက ကျွန်တော်တို့မြန်မာနိုင်ငံမှာ ထမံသီ ရေအားလျှပ်စစ်စီမံကိန်းကြီးတွေ၊ တာဆန်းတို့၊ ဟတ်ကြီးတို့လို စီမံကိန်းကြီးတွေ တည်ဆောက်တော့မယ်ဆိုတာနဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမယ်ဆိုပြီး မတန်မရာ မဆီမလျော်တဲ့စကားလုံးတွေသုံးပြီး ပြည်ပမှာ ကန့်ကွက်ဆန္ဒပြနေကြတယ်"

"ကောင်းပါပေရဲ့ဗျာ၊ ပြည်တွင်းကအဖျက်သမားတွေက ၂၄နာရီ မီးလင်းရေးတဲ့၊ ပြည်ပရောက်ပြည်ပြေးအဖျက်သမားတွေက လျှပ်စစ်ဓာတ်အားစီမံကိန်းတွေ မတည်ဆောက်ရေးတဲ့၊ တော်ရုံတန်ရုံလူဆိုအဲဒီ ပြည်တွင်းပြည်ပ အဖျက်သမားတွေကြောင့် မျက်စိလည် လမ်းမှားလောက်တယ်"

"အဲဒါပဲဗျို့၊ သူတို့ပဲ ရွှေဘုန်းတော်စူးရောက်ပြီး မြန်မာနိုင်ငံအပေါ် ဝိုင်းဝန်းပိတ်ဆို့ရေးကို တောင်းဆိုခဲ့ကြတယ်။ အဲဒီဝိုင်းဝန်းပိတ်ဆို့မှုကြောင့် သက်ရောက်လာတဲ့ အခိုက်အတန့်လိုအပ်ချက်အခက်အခဲကို အခွင့်ကောင်းယူ လက်ညှိုးထိုးပြီး အစိုးရအပေါ် အပြစ်ပုံချနေကြတာ မလွန်လွန်းဘူးလား"

"ဟုတ်တယ်ဗျ၊ မြန်မာနိုင်ငံအပေါ် ဝိုင်းဝန်းပိတ်ဆို့ရေးဆိုတာကို အာသာငမ်းငမ်းနဲ့ စွဲလမ်းနေတဲ့ ပြည်ပရောက်အဖျက်သမားတွေက သူတို့ရဲ့ အပြစ်ကို အခြားသူအပြစ် ဖြစ်အောင် လှည့်စားလက်ညှိုးထိုးနေကြတာ မလွန်လွန်းဘူးလား"

"ဘုန်းကြီးရှူးနဲ့ လေလုပ်းဆိုတာ အဲဒါပဲဗျ၊ ဒါကြောင့် ကျွန်တော်တို့ကစားဝိုင်းကို မိုက်ကယ်ဒေါ်ဟစ်ဂင်ဆင်ရဲ့ သုံးသပ်ချက်နဲ့ အနားသတ်ရရင် မကောင်းဘူးလား"

"ဆိုစမ်းပါဦးဗျာ"

"ဒီလိုဗျ၊ 'ယခုအချိန်ကာလတွင် အုပ်စုအချင်းချင်း ကွဲနေပြီး အခြေအနေနှင့် အနေအထားကိုလုံမသိ၊ အတွေ့အကြုံလဲ လုံးဝမရှိသည့် NLDက နိုင်ငံကို အုပ်စိုးရန် ကြိုးပမ်းနေခြင်းသည် လွန်စွာပင် စိတ်တုန့်လှုပ်ချောက်ချားစေသည့် ကြောက်မက်ဖွယ်ရာကောင်းသော ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်'တဲ့" ။

✻ ကျောဖုံးမှ

ဦးဆောင်ပါဝင်ခဲ့ကြောင်း၊ ထို့အပြင် အင်းစိန်မြို့နယ် ဖောကန်ရပ်ကွက် အောင်ဇေယျလမ်းနေ(ဘ)ဦးမောင်ရွှေ(အမိ)ဒေါ်မြင့်အေး၏သား မောင်ရှိုင်းထက်အောင်(၁၃)နှစ်လည်း ပါဝင်ခဲ့ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်ခဲ့ရာ ဦးရဲအောင်က မောင်ရှိုင်းထက်အောင်အား ဘုရားဖူးသွားမည်၊ ကော်ဖီတိုက်မည်လိုက်ခဲ့ဟု လှည့်စားခေါ်ယူ၍ ပါရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ သို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက မောင်ရှိုင်းထက်အောင်အား ၎င်း၏မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သတင်းရရှိသည်။

ထို့အတူ မေ ၁၅ ရက် နံနက် ၇ နာရီခန့်တွင် လှိုင်သာယာမြို့နယ် NLD အဖွဲ့ဝင်များဖြစ်ကြသည့် သန့်ဇင်မျိုး(အတွင်းရေးမှူး)နှင့် ဇနီး လှလှမော်၊ ဆန်းဝင်း၊ ဝင်းမြင့်၊ စန်းနိုင်၊ အောင်မင်းနိုင်၊ ကျော်စိုးဝင်း၊ စိုးမင်း၊ တင်ယု၊ ရန်နိုင်ထွန်း၊ မျိုးကျော်ဇင်တို့ ၁၁ ဦးသည် ဒေါ်စုကြည်ပုံပါ တီရှပ်များဝတ်ဆင်ပြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ဗိုလ်အောင်ကျော်လမ်းအတိုင်း စီတန်းလမ်းလျှောက်၍ သွေးထိုးလှုံ့ဆော်မှုပြုလုပ်ခဲ့ကြကြောင်း၊ ဆူပူမှုကိုမလိုလားတဲ့ အေးချမ်းစွာနေထိုင်လိုကြသော ပြည်သူများက ၎င်းတို့အား တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်မလုပ်ရန်၊ အေးချမ်းစွာ လူစုခွဲရန် ပြောကြားခဲ့သော်လည်း ၎င်းတို့ကလက်မခံဘဲဆက်လက် လမ်းလျှောက်ကာ သွေးထိုးလှုံ့ဆော်ခဲ့ကြကြောင်း၊ ထို့ကြောင့်ဆူပူမှုကို မလိုလားသော ပြည်သူများက ၎င်းတို့ ၁၁ ဦးအား ထိန်းသိမ်းပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံ အပ်နှံခဲ့ကြောင်း၊ တာဝန်ရှိသူများက စစ်ဆေးမေးမြန်းရာတွင် သန့်ဇင်မျိုး၊ စန်းနိုင်၊ ကျော်စိုးဝင်းနှင့် ဝင်းမြင့်တို့က လှုပ်ရှားမှုတွင်ပါဝင်သည့် အခြားသူများကို ဒေါ်စုကြည်ပုံပါ တီရှပ်များ အခမဲ့ပေး၍ စည်းရုံးသိမ်းသွင်းခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ဆူပူမှုလှုပ်ရှားမှုဖြစ်အောင် သွေးထိုးလှုံ့ဆော်နေကြသည့် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဆိုသူများကလည်း တနင်္ဂနွေနေ့တိုင်း ၎င်းတို့ဘာသာ အမည်တပ်ထားသည့် အဖြူရောင်တနင်္ဂနွေလှုပ်ရှားမှု(White Sunday Campaign)ဆိုသည်ကိုလည်း လုပ်ဆောင်နေကြသည်။ ၎င်းအဖွဲ့သည် ဥပဒေကိုကျူးလွန်၍ အကျဉ်းကျခံနေရသူများ၏ မိသားစုများထံသွားရောက်ပြီး အားပေးစကားပြောကြားခြင်း၊ ထောက်ပံ့ပေးကမ်းခြင်းများကို အပေါ်ယံဟန်ပြလုပ်ဆောင်ကာ သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။ ထိုကဲ့သို့ ဝတ်ပြုဆုတောင်းခြင်း၊ ထောက်ပံ့ပေးကမ်းခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးများကို ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်ပြေးအဖွဲ့အစည်းများမှ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ တည်ငြိမ်မှု၊ အေးချမ်းမှု ပျက်ပြားအောင်၊ ဆူပူလှုပ်ရှားမှု ဖြစ်ပေါ်အောင် လုပ်ဆောင်မှုများအပေါ် အေးချမ်းစွာနေထိုင်လိုကြသော ပြည်သူများက ယခုကဲ့သို့ ဝတ်ပြုဆုတောင်းပွဲများ ပြုလုပ်ခြင်း၊ စီတန်းလမ်းလျှောက်လှုံ့ဆော်ခြင်းနှင့် အကျဉ်းကျသူများ၏မိသားစုများထံ သွားရောက်အားပေးစကားပြောကြားခြင်းဆိုသည့် ဆောင်ရွက်မှုများသည် သဘာဝမကျကြောင်း၊ ထို့အပြင် ယခုကဲ့သို့ မသိနားမလည်သည့် ကလေးငယ်များကို လိမ်ညာလှည့်စား၍ ၎င်းတို့၏ လှုပ်ရှားမှုတွင် အသုံးချခြင်းမှာ ပိုမိုစက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်ဖြစ်ကြောင်း၊ ဒေါ်စုကြည်အပါအဝင် နေအိမ်တွင် တားဆီးထားခြင်းခံရသူများမှာ နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားအောင်၊ ဆူပူအုံကြွမှုများဖြစ်ပွားအောင် ဖန်တီးလုပ်ဆောင်ခဲ့ကြသည့်အတွက် နိုင်ငံတော်အား အန္တရာယ်မပြုနိုင်အောင် တားဆီးထိန်းသိမ်းထားရခြင်းသာဖြစ်ကြောင်း၊ အလားတူ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသူများမှာလည်း တည်ဆဲဥပဒေတစ်ခုခုကို ကျူးလွန်၍ ပြစ်ဒဏ် ကျခံနေရခြင်းသာဖြစ်ကြောင်း၊ ဥပဒေကျူးလွန်ပါက နိုင်ငံရေးသမားအပါအဝင် မည်သူမဆို ပြစ်ဒဏ်ကျခံရမှာသာဖြစ်ကြောင်း၊ ဤသဘောမှာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာမက ကမ္ဘာ့နိုင်ငံတိုင်းမှာလည်း ထိုအတိုင်းပင်ဖြစ်ကြောင်း၊ ဤကဲ့သို့ တားဆီးထိန်းသိမ်းခြင်း၊ ပြစ်ဒဏ်ကျခံနေရခြင်းများမှာ သာမန်ဖြစ်ရိုး ဖြစ်စဉ်သာဖြစ်ကြောင်း၊ ယင်းသာမန်ဖြစ်ရိုးဖြစ်စဉ်ကို နိုင်ငံရေးအရ ခုတုံးလုပ်အသုံးချပြီး ဆူပူအုံကြွမှုဖြစ်လာအောင် လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းခြင်း၊ အားပေးကူညီခြင်းဆိုသည်များကို ဖန်တီးပြုလုပ်ကာ သွေးထိုးလှုံ့ဆော်နေကြခြင်းသာဖြစ်ကြောင်း၊ သာမန်သဘောရိုးဆိုပါက ဘုရားအနှံ့သွား၍ ဝတ်ပြုဆုတောင်းခြင်း၊ စီတန်းလှည့်လည်ဆုတောင်းခြင်းပြုလုပ်နေစရာမလိုဘဲ မိမိနေအိမ်၌ပင် ဝတ်ပြုဆုတောင်း၍ရနိုင်ကြောင်း၊ ယခုလို လိမ်လည်လှည့်ဖြားသွေးထိုးလှုံ့ဆော်မှုများကို မလိုလားကြောင်း၊ မိမိတို့မှာ တည်ငြိမ်အေးချမ်းမှုကိုသာ လိုလားကြောင်း၊ နိုင်ငံတော်၏လက်ရှိအခြေအနေမှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများ အဘက်ဘက်မှ ရရှိဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း၊ သို့သော် အခုရေတွင်းတူး အခုရေကြည်သောက်ချင်၍ မရနိုင်ကြောင်း တည်ဆောက်မှု၏ အကျိုးအမြတ်ကိုရရှိအောင် သင့်တင့်သော အချိန်ကာလ စောင့်ဆိုင်းကြရမှာဖြစ်ကြောင်း၊ သေချာသည်မှာ မဝေးသောကာလတွင် ပြည်သူများအနေဖြင့် အဘက်ဘက်မှ အကျိုးကျေးဇူးများ ရရှိခံစားရပြီး အခက်အခဲများ ကျော်လွှားနိုင်မှာဖြစ်ကြောင်း၊ ထိုအခြေအနေကောင်းများမှာ ယခုကြုံတွေ့ရသည့် အဖျက်သမားတွေ့ရသည့် အဖျက်သမားမှောင့်သမားများ၏ လုပ်ရပ်များကြောင့် ပျက်ပြားသွားနိုင်ကြောင်း၊ ထို့သို့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားအောင်၊ ဆူပူအုံကြွမှုဖြစ်ပေါ်အောင်ဖန်တီးလှုံ့ဆော်နေသူများကို ထိရောက်စွာ အရေးယူသင့်ကြောင်းဖြင့် ပြောဆိုဝေဖန်နေကြောင်း သိရသည်။

ယခုအခါ ထိုသို့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဆူပူမှုဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့သူများအား သက်ဆိုင်ရာက စစ်ဆေးမေးမြန်းလျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ ဆူပူမှုဖြစ်ပေါ်လာအောင် သွေးထိုးလုပ်ဆောင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆုတ်ယုတ်ပျက်ပြားအောင်၊ နှောင့်နှေးအောင် လုပ်ဆောင်သူများကို တားဆီးတိုက်ဖျက်သွားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	"ငါ"ဖြတ်ရမည့်တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သန္တမှုကိတ္တိသာရ)
၇း၅၅	အနုပညာရပ်ဝန်းမှုရင်ခုန်သံများ "အမေနှင့်သမီးများ"
၈း၁၀	တေးဂီတအစီအစဉ်
၈း၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ပြည်သူ့အတွက် EMS
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	ပြည်တွင်းအနုပညာရေးရာ
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	စင်မြင့်ပေါ်မှဒီလေးမှာ နှလုံးသားပါတယ်ပညာ
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	Teens Star (J-Mel နှင့် တွေ့ဆုံခြင်း)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	မြတ်ဆင်းတုနှင့် အားကစားလောက
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၀	မိုးလေဝသနှင့် မှန်းချက်
၁၀း၅၅	ခြေထောက်သွေးလွှတ်ကြောကျဉ်း ရောဂါ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာမောင်မောင်အေး)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	Yangon Panorama (Performance of Indonesian)
၁၁း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	ရွှေကျင်မြို့မှ ရောက်သီးထွက်ကုန် လုပ်ငန်း
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၀	ချစ်ခင်ရသူ့မျှော်ပိတ်အဆုံး
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	ကုသမနေတော့ဘဲ တီဗီဆီမှာ ရာဇဝင်တော်သိချင်တဲ့ချစ်သူ(ဒါရိုက်တာ-ပန်းချီမိုး)
၁၃း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ဖြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တန်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြင်သစ်သမ္မတသစ် ကျမ်းသစ္စာ ကျိန်ဆို

ပါရီ မေ ၁၆

ပြင်သစ်သမ္မတသစ် နီကိုလပ်စ်ဆာကိုဇီသည် ရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် မေ ၁၆ ရက်က သမ္မတ နန်းတော်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

၎င်းသည် မေ ၆ ရက်က ရွေးကောက်ပွဲတွင် အနိုင်ရပြီး သမ္မတဖြစ်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘင်္ဂလားဒေ့ရှ် ကမ်းရိုးတန်း၌ မုန်တိုင်းတိုက်ခတ် နေအိမ်နှင့် ကောက်ပဲသီးနှံများပျက်စီး

ဒါကာ မေ ၁၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းတစ်လျှောက် ဒေသများတွင် မေ ၁၅ရက်က မုန်တိုင်းတိုက်ခတ်ခဲ့ရာ နေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

အဆိုပါ မုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၈၀အထိ တိုက်ခတ်ခဲ့ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ကောက်ပဲသီးနှံနှင့် စိုက်ခင်းအများအပြား ပျက်စီးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရုရှား ခရီးသည်တင်လေယာဉ်သုံးစင်း ကျူးဘား ဝယ်ယူမည်

ဟာဗားနား မေ ၁၆

ကျူးဘားနိုင်ငံအနေဖြင့် ခရီးသည်တင်လေယာဉ် သုံးစင်းထက်မနည်း ရုရှားနိုင်ငံမှ ဝယ်ယူမည်ဖြစ်ကြောင်း ကျူးဘားလေကြောင်းဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေ ၁၄ ရက်က ပြောကြားသည်။

ကျူးဘားနိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်၌ ရုရှားနိုင်ငံမှ ခရီးသည်တင် လေယာဉ်သုံးစင်းကို ဝယ်ယူထားပြီးဖြစ်သည်။

ကျူးဘားနိုင်ငံအနေဖြင့် လေဆိပ်များအားလည်း တိုးချဲ့လုပ်ကိုင်ရန် စီစဉ်ထားရှိပြီး ဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက် ရင်းနှီးမြှုပ်နှံရန် အင်ဒိုနီးရှား ကမ်းလှမ်း

ဂျကာတာ မေ ၁၆

အင်ဒိုနီးရှားအစိုးရက ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၂၁ခုကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ကြရန် မေ၁၄ရက်က ကမ်းလှမ်းလိုက်သည်။

မိမိတို့အနေဖြင့် အလားအလာကောင်းသော ရေနံလုပ်ကွက် ၂၁ခုတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းလိုကြောင်း အင်ဒိုနီးရှားစွမ်းအင်နှင့် ဓာတ်သတ္တုဝန်ကြီး ပါနိုမိုယူကွမ်တိုရိုက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ရေနံထုတ်လုပ်မှုမှာ တစ်ရက်လျှင် စည်ပေါင်းတစ်သန်းထွက်သော်လည်း ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်နေဆဲဖြစ်ကြောင်း ၎င်းဝန်ကြီးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကာရာဒါအရပ်၌ အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



စင်ကာပူနိုင်ငံ နိုင်ငံတကာ ရေတပ်ဆိုင်ရာ ကာကွယ်ရေး ပြပွဲတစ်ခုတွင် ပြသထားသည့် ရေငုပ်သင်္ဘော ပုံစံငယ်များကို မေ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေ့ကျင့်

တရုတ်နိုင်ငံဟေဘေးပြည်နယ်၌ ကျင်းပမည့် (၈)ကြိမ်မြောက် စက်ရုပ်ဘောလုံးပြိုင်ပွဲအတွက် လေ့ကျင့်နေကြသော စက်ရုပ် ဘောလုံးသမားများကို မေ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ရိုမေးနီးယား၌ သဘာဝဓာတ်ငွေ့သိုက်များ တွေ့ရှိ

ဘူခါရက် မေ ၁၆

ရိုမေးနီးယားနိုင်ငံ အရှေ့ပိုင်းတွင် သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေတွေ့ရှိကြောင်း ရိုမေးနီးယားနိုင်ငံ၏ ရေနံရှာဖွေရေးကုမ္ပဏီ ပက်ထရွန်လုပ်ငန်းက မေ၁၄ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ သဘာဝဓာတ်ငွေ့များကို ၂၀၀၇ခုနှစ်ကုန် စတင်ထုတ်ယူနိုင်ရန် ဆောင်ရွက်သွားမည်ဟု ပက်ထရွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ပြောကြားသည်။

ထုတ်ယူနိုင်မည်

ယခု ရှာဖွေတွေ့ရှိသော သဘာဝဓာတ်ငွေ့သိုက်များမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၃၀၀၀၀ခန့် ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့ရည်များလည်း ထုတ်ယူနိုင်မည်ဖြစ်သည်။

ကြိုးစားသွားမည်

သဘာဝဓာတ်ငွေ့ရည်များကို နေ့စဉ် တန်ချိန် ၁၁တန်ခန့် ထုတ်ယူနိုင်မည်ဖြစ်သည်။ ထိုသဘာဝဓာတ်ငွေ့များနှင့် ဓာတ်ငွေ့ရည်များကို အမြန်ဆုံးထုတ်ယူနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ အမြန်ဆုံး ၂၀၀၇ ခုနှစ်ကုန်နှင့် နောက်အကျဆုံး ၂၀၀၈ခုနှစ်အစောပိုင်း ကာလများ၌ ထုတ်ယူသွားမည်ဖြစ်ကြောင်း ပက်ထရွန်လုပ်ငန်းမှ အရာရှိတစ်ဦးဖြစ်သူဝါနာလိတ်ဝင်ကပြောကြားသည်။ ရေနံရှာဖွေရေးကုမ္ပဏီပက်ထရွန်လုပ်ငန်းအနေဖြင့် သဘာဝဓာတ်ငွေ့ရှာဖွေမှုများကို ထပ်မံလုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မလေးရှားမှ ဓာတ်ငွေ့ရည်များ တရုတ် ဝယ်ယူမည်

ရှန်ဟိုင်း မေ ၁၆

တရုတ်နိုင်ငံနှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း မလေးရှားနိုင်ငံ၏ အမျိုးသားရေနံကော်ပိုရေးရှင်းက မေ ၁၄ ရက်၌ ပြောကြားလိုက်သည်။

ပူးတွဲလုပ်ကိုင်

အာဖရိကတွင် ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေး လုပ်ငန်းများကို တရုတ်နိုင်ငံမှ ရေနံလုပ်ငန်းနှင့်အတူ မလေးရှားအမျိုးသားရေနံကော်ပိုရေးရှင်းက လုပ်ငန်းများပူးတွဲလုပ်ကိုင်သွားမည်ဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်

တရုတ်နှင့်မလေးရှားနှစ်နိုင်ငံအကြားစွမ်းအင်ကဏ္ဍများတွင် အပြန်အလှန် အကူအညီ ပေးသွားကြမည်ဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံမှ ပက်ထရိုနပ်စ်ရေနံလုပ်ငန်းက မလေးရှားမှ သဘာဝဓာတ်ငွေ့ရည်များကို သင်္ဘောများဖြင့် သယ်ယူရေးကိုလည်း ညှိနှိုင်းဆောင်ရွက်သွားကြမည် ဖြစ်သည်။

စာချုပ်ချုပ်

မလေးရှားနိုင်ငံမှ ဓာတ်ငွေ့ရည်များကို ၂၅ နှစ်တာ ကာလအတွက် ဝယ်ယူမည်ဖြစ်ရာ ၂၀၀၉ ခုနှစ်မှ စတင်ကာ ဆောင်ရွက်ရန် လိုအပ်သော တည်ဆောက်ရေး လုပ်ငန်းများအားလာမည့် ဇန်နဝါရီလမှ စတင်မည်ဖြစ်သည်။

တန်ချိန်

တရုတ်နိုင်ငံသည် မလေးရှားနိုင်ငံမှ ပထမသုံးနှစ်တာကာလအတွင်း ဓာတ်ငွေ့ရည် ၁ ဒသမ ၁ သန်းခန့် လက်ခံရရှိမည်ဖြစ်ပြီး ၂၀၁၂ခုနှစ်တွင် ဓာတ်ငွေ့ရည် တန်ချိန်သုံးသန်း ရရှိမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗီယက်နမ်တွင်မိုဘိုင်းလ်ဖုန်းများ ကျေးလက်များသို့ ရောင်းချရန်စီစဉ်

ဟန္နိုင်း မေ ၁၆

ဗီယက်နမ်နိုင်ငံရှိ မိုဘိုင်းလ်ဖုန်းရောင်းချသူများသည် မြို့ပြများတွင် ဝယ်လိုအား ကျဆင်းလာသဖြင့် ကျေးလက်တောရွာများသို့ပါ မိုဘိုင်းလ်ဖုန်းရောင်းချသွားရန် ဦးတည်ချက်ထား လုပ်ကိုင်ဆောင်ရွက်လာကြကြောင်း ဒေသဆိုင်ရာ သတင်းစာတစ်စောင်က မေ ၁၄ရက်တွင် ရေးသားဖော်ပြသည်။

ဗီယက်တဲလ် မိုဘိုင်းလ်နှင့် အီးဗွီအင်န်တယ်လီကွန်း ကုမ္ပဏီများသည် ၂၀၀၆ခုနှစ် ကတည်းက မြို့တော်ဟန္နိုင်းနှင့် တောင်ပိုင်း ဟိုချီမင်းမြို့များတွင် မိုဘိုင်းလ်ဖုန်းများရောင်းချခဲ့ရာ ယင်းမြို့များတွင် တယ်လီဖုန်း အဝယ်အေးနေသဖြင့် ကျေးလက်တောရွာများပါ အထူးနှုန်းဖြင့် တယ်လီဖုန်းများ ရောင်းချသွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံ၏ လူဦးရေ ၈၃ သန်းရှိရာတွင် ယခုနှစ်ကုန်၌ ၃၈သန်းမှာ မိုဘိုင်းလ်ဖုန်းသုံးစွဲနိုင်ခဲ့ပြီး ခြောက်သန်းမှာ အင်တာနက်အသုံးပြုလျက်ရှိသည်။ ယင်းမှာ ယမန်နှစ်ကထက်၂၇ဒသမ ၄သန်းနှင့် ၄သန်း အသီးသီးတိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ချောင်မင်ဒေသနှင့်ချုံမ်ကျင်းကျွန်းကို ဆက်သွယ်ထားသည့် အရှည် ၁၀ ဒသမ ၃ ကီလိုမီတာရှိ တည်ဆောက်ဆဲ တံတားတစ်စင်းကို မေ ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်မှ လျှပ်စစ်ဓာတ်အား ဗီယက်နမ်သို့ ပို့လွှတ်မည်

ကူမင်း မေ ၁၆

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဝမ်ရှန်မှ လျှပ်စစ်ဓာတ်အားကို ဗီယက်နမ်နိုင်ငံ ဟိုဂျိုင်ဒေသသို့ ပို့လွှတ်တော့မည်ဖြစ်ကြောင်း ယူနန်လျှပ်စစ်ဓာတ်အားလုပ်ငန်းက ပြောကြားသည်။

အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်းသည် တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ပေးပို့သည့် ပဉ္စမမြောက် ဓာတ်အားလိုင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံအကြား ဓာတ်အားလိုင်း အသစ်ဖြစ်သည့် ဗို့အား ၂၂၀ ကီလိုဝပ်ရှိ ဒုတိယမြောက် ဓာတ်အား လိုင်းမှာလည်း တည်ဆောက် ပြီးစီးသွားပြီဟု ဆိုသည်။

တည်ဆောက်ထား

ပထမ ဓာတ်အားလိုင်းမှာ ယူနန်ပြည်နယ် ဟောင်ပေးမြို့နှင့် လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းတို့အကြား ဆက်သွယ်တည်ဆောက်ထားသည်။

ပို့လွှတ်

အဆိုပါ ဓာတ်အားလိုင်းမှ တစ်နှစ်လျှင် လျှပ်စစ်ကီလိုဝပ်နာရီတစ်ဘီလီယံ တရုတ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ပို့လွှတ်မည်ဖြစ်ကြောင်း ယူနန်ပြည်နယ် လျှပ်စစ်ရုံးက ပြောကြားသည်။

ရောင်းချ

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အား စတင်ရောင်းချသည့် ၂၀၀၄ ခုနှစ် စက်တင်ဘာလက စတင်ပို့လွှတ်သည့်နှစ်မှာပင် ကီလိုဝပ် နာရီ ၁ ဒသမ ၈၄ ဘီလီယံ ရောင်းချခဲ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှား၌ အင်အားအသင့်အတင့်ငလျင်လှုပ်

ဂျကာတာ မေ ၁၆

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် မြောက်ပိုင်း၌ မေ ၁၄ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်သွားခဲ့သည်။ သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများမရှိခဲ့ကြောင်း သိရသည်။

ထုတ်ပြန်

အဆိုပါငလျင်သည် ဆူလာဝေစီပြည်နယ်မြောက်ပိုင်း မန်နဒိုမြို့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် အရှေ့လောင်ဂျီတွဒ် ၁၂၆ ဒသမ ၃၁ ဒီဂရီ မြောက်လတ္တီတွဒ် ၁ ဒသမ ၃၇ ဒီဂရီ မာလူကူပင်လယ်၌ ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဘူမိဗေဒဌာနမှ သတင်းထုတ်ပြန်သည်။

လှုပ်သွားခဲ့

ဆူလာဝေစီမြောက်ပိုင်း ဘီတန်မြို့အရှေ့တောင်ဘက် ၁၂၄ ကီလိုမီတာအကွာ မာလူကူပင်လယ် ရေမျက်နှာပြင်အောက် ၂၂ ကီလိုမီတာအကွာ၌ ဗဟိုပြု၍ လှုပ်သွားခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာ့ရော်ဘာထိပ်သီးအစည်းအဝေး ထိုင်းနိုင်ငံ၌ ကျင်းပ

ဗန်ကောက် မေ ၁၆

နိုင်ငံတကာ ရော်ဘာလေ့လာရေးအဖွဲ့နှင့် ထိုင်းစိုက်ပျိုးရေးဝန်ကြီးဌာနတို့က နှစ်ရက်ကြာ ကျင်းပသော ကမ္ဘာ့ရော်ဘာထိပ်သီးအစည်းအဝေးကို ဗန်ကောက်၌ မေ ၁၄ ရက်က ဖွင့်လှစ်ခဲ့ရာ ကမ္ဘာ့ရော်ဘာ ဝယ်လိုအားနှင့် ရောင်းလိုအား စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့ရော်ဘာ ဝယ်လိုအားနှင့် ရောင်းလိုအား စိန်ခေါ်မှုများဆိုသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးရန် နိုင်ငံပေါင်း ၁၈ နိုင်ငံနှင့် ဥရောပသမဂ္ဂမှ ကျွမ်းကျင်သူပေါင်း ကိုယ်စားလှယ် ၃၀၀ ကျော် ၎င်းထိပ်သီးအစည်းအဝေးသို့တက်ရောက်ခဲ့ကြသည်။

ပြောင်းလဲ

ကမ္ဘာ့ရော်ဘာ ဈေးကွက်နှင့် စက်မှုလုပ်ငန်းများသည် လွန်ခဲ့သော နှစ် ၂၀ က သိသိသာသာ ပြောင်းလဲသွားပြီဖြစ်ကြောင်း၊ ယနေ့အခြေအနေသစ်နှင့် စိန်ခေါ်မှုများသည် ရော်ဘာထုတ်လုပ်သူများရော သုံးစွဲသည့်နိုင်ငံများပါ ထိခိုက် နစ်နာလျက်ရှိကြောင်း ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတကာ ရော်ဘာလေ့လာရေးအဖွဲ့ အတွင်းရေးမှူးချုပ် ဟိုက်ဒီစမစ်က ပြောကြားသည်။

ရည်ရွယ်

ထို့ကြောင့် ၎င်းအစည်းအဝေးသည် ရော်ဘာထုတ်လုပ်သူများနှင့် သုံးစွဲသူများအကြား ရော်ဘာဝယ်လိုအားနှင့် ရောင်းလိုအား ပိုမိုကောင်းမွန်သောဈေးကွက်ကို ဖန်တီးနိုင်ရေး၊ ဆက်သွယ်ရေးနှင့် အပြန်အလှန် ဖလှယ်မှုများ ပြုလုပ်နိုင်ကြရန် ရည်ရွယ်ကြောင်း ၎င်းက ပြောကြားသည်။

ထိန်းထား

ထိုင်းနိုင်ငံအနေဖြင့် ရော်ဘာအများဆုံး ထုတ်လုပ်မှုနှင့် တင်ပို့မှုကို ၁၇ နှစ်ကြာ ထိန်းထားနိုင်ခဲ့ကြောင်း ရော်ဘာ လုပ်ငန်းများအားလုံး တိုးတက်မှုကို ထိန်းထားနိုင်ခြင်းသည် ဈေးကွက်အလားအလာများ အားလုံးကို အကျိုးအမြတ် ရရှိစေခဲ့ကြောင်း ထိုင်းစိုက်ပျိုးရေးဝန်ကြီး တီရာဆူတာဘတ်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အီရတ် အလုပ်သမား ငါးဦးအား သေနတ်သမားများ ပစ်သတ်

ဘဂ္ဂဒက် မေ ၁၆

ဘဂ္ဂဒက်မြို့တော်တောင်ဘက် ကီလိုမီတာ ၃၀ အကွာရှိ မာမူဒီယာမြို့အတွင်းမှ ဂျုံစက်ရုံလုပ်သား ငါးဦးကို မေ ၁၄ ရက်တွင် သေနတ်သမားများက ပစ်သတ်လိုက်ကြောင်း ရဲတပ်ဖွဲ့ သတင်းစုံရပ်ကွက်ကပြောကြားသည်။

ဒဏ်ရာရ

ထိုနေ့ နံနက်စောစောပိုင်းက မာမူဒီယာမြို့အတွင်းရှိ အယ်အာရတ် ဂျုံစက်ကို အမည်မသိ သေနတ်သမားများက စီးနင်းပြီးနောက် အလုပ်သမားအချို့ကို သေနတ်ဖြင့်ပစ်ခဲ့သဖြင့် ငါးဦး သေဆုံးပြီး လေးဦးဒဏ်ရာရသွားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာသို့ ချက်ချင်းလိုက်သွားပြီး စုံစမ်းစစ်ဆေးကြောင်း အဆိုပါရပ်ကွက်က ပြောကြားသည်။

အသတ်ခံရ

အခြားဖြစ်စဉ်တစ်ရပ်တွင် ဘဂ္ဂဒက်မြို့တော်အနှံ့မှ ၂၄ နာရီအတွင်း အသတ်ခံရသော အမည်မသိ သေဆုံးသူ ၁၇ ဦးကို ကင်းလှည့်ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိကြောင်း အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

ညှဉ်းပန်းနှိပ်စက်

ကျည်ဆန်ရာ ဆန်ခါပေါက်ဖြစ်နေသည့် အလောင်းများမှာ မျက်စိကိုအဝတ်စည်းထားပြီး ကြိုးဖြင့်တုပ်နှောင်ထားသည့်အတွက် ညှဉ်းပန်းနှိပ်စက်သည့် လက္ခဏာများဖြစ်သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာ ရှစ်သောင်းကျော်တန် ကားဂီယာ လက်ကိုင်ဘု

ဒေါ်လာ ရှစ်သောင်းကျော် တန်သော မော်တော်ကားလက်ကိုင်ဘု တစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

၁၉၆၄ ခုနှစ်က ရိုက်ကူးပြသခဲ့သော ရွှေလက်ချောင်းများ ရုပ်ရှင်ဇာတ်ကားတွင် ဂျိမ်းစ်ဘွန်း စီးခဲ့သော မော်တော်ကားမှ ဂီယာလက်ကိုင်ဘုလေးကို လန်ဒန်မြို့တွင် လေလံတင် ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၈၂၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ခေါင်းပေါ်တွင် အလေးချိန်အများဆုံး တင်နိုင်သူ

ဦးခေါင်းပေါ်တွင် စားသောက်ကုန် ပစ္စည်းများ ရွက်ထားသူ တစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

ဟောင်ကောင်ရှိကုန်ပဒေသာဆိုင်ကြီးတစ်ခုရှေ့တွင် ဂျွန်အမည်ရှိ အင်္ဂလန်နိုင်ငံသား တစ်ဦးက သူ၏ ဦးခေါင်းပေါ်တွင် အလေးချိန် ကီလို ၁၅၀ လေးသော စားသောက်ကုန် ပစ္စည်းများကို အချိန်အတန်ကြာ ရွက်ပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

နယ်စပ်ဒေသနှင့် တောင်တန်းဒေသများသို့ ကြွရောက်တော်မူမည့် ရဟန်းတော်များ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေး သင်တန်းဆင်း

ရန်ကုန် မေ ၁၆

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နယ်စပ်ဒေသနှင့် တောင်တန်းဒေသသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ ရဟန်းတော်များ၏ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ်(၉) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြု သြဝါဒါစရိယ အဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များနှင့် သင်တန်းသား ရဟန်းတော်များ ကြွရောက်တော်မူကြပြီး တိုင်းရင်းဆေးပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

သြဝါဒကထာမြွက်ကြား

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက သြဝါဒကထာ မြွက်ကြားတော်မူသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

သင်တန်းဆင်းလက်မှတ်

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား ရဟန်းတော်များအား ဆက်ကပ်ရာ သင်တန်းသား ရဟန်းတော်များ ကိုယ်စား သင်တန်းသား အမှတ်စဉ်(၁) အရှင်ဣန္ဒောဘာသက လက်ခံတော်မူသည်။ **(အပေါ်ဝဲပုံ)**

တက်ရောက်

အဆိုပါ သင်တန်းသို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း ပထမနှစ်သင်တန်းသား ရဟန်းတော် ၁၆ ပါးနှင့် စတုတ္ထနှစ်သင်တန်းသား ရဟန်းတော် ၇၆ ပါး စုစုပေါင်း ရဟန်းတော် ၉၂ ပါးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူ

ဧပြီ ၁၇ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)ဆီဆိုင်မြို့တွင် ကျင်းပသည့် မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီ ဦးဆောင်သည့်အဖွဲ့ဝင်များက ဇဝနာရာမ စာသင်တိုက်ရှိ သံဃာအပါး ၃၀၀ ကျော်တို့အား သံဃာ့ဒါနဆွမ်းဆန်စိမ်းများ စုပေါင်း လောင်းလှူကြစဉ်။ (ဝဇီ)

အင်္ဂလိပ်ဘာသာ ဆရာဖြစ်သင်တန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

STI Education ၏ အင်္ဂလိပ်စာ ပြောဆိုဆက်သွယ်မှုစွမ်းရည် Certificate in English Communication Skills(CECS) အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၁ ရက်က STI သင်တန်းကျောင်း တည်ရှိရာ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ကျင်းပရာ (အောက်ပုံ) **တက်ရောက်လာကြသူများ၏ အင်္ဂလိပ်ဘာသာ စွမ်းရည်ကို ဝါရင့်ပြည်ပ ဆရာ၊ ဆရာမများက ဖော်ထုတ်သင်ကြား ပြသပေးကြသည်။**

အလုပ်ရုံဆွေးနွေးမည်

STI Educationက မေ ၁၉ ရက် (စနေနေ့)ညနေ ၃ နာရီတွင် လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်

အအုံ၌ အင်္ဂလိပ်ဘာသာ ဆရာဖြစ်သင်တန်း (Certificate in TEFL)နှင့် Diploma in TESOL အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည် ဖြစ်သည်။

ပို့ချကြမည်

အင်္ဂလိပ်ဘာသာ ဆရာဖြစ်သင်တန်းများကို London Teacher Training College, UK မှ ဝါရင့်ဆရာ၊ ဆရာမများက ဆွေးနွေးပို့ချကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ၌ တစ်ဆက်တည်း သင်တန်းအောင်မြင်ပြီးမြောက်သူများအား ဒီပလိုမာ အောင်လက်မှတ်များကို ချီးမြှင့်မည်ဖြစ်သည်။

ဆွေးနွေးကြမည်

အလုပ်ရုံဆွေးနွေးပွဲတွင် Inspiring your teaching career ခေါင်းစဉ်ဖြင့် ထူးခြားအောင်မြင်ထင်ရှားသည့် ဆရာတစ်ယောက်ဖြစ်လာရန် LTTC မှ သင်တန်းဆရာမ Ms. Natalia Talikowski ကလည်းကောင်း၊ English Language Theory, Language Teaching Methodology, Linguistics & Language Teachingနှင့် Classroom Planning and Organization ကို LTTC မှ သင်တန်း ဆရာမ Ms. Monica Lim က လည်းကောင်း၊ How to teach Grammar, Vocabulary, Productive Skills, Receptive Skills, Pronunciation နှင့် Lesson Planning ကို သင်တန်းဆရာ Mr. Raymond Russell က လည်းကောင်း အသီးသီး ဆွေးနွေးကြမည်ဖြစ်သည်။

ပါဝင်ဆွေးနွေး

ထို့အပြင် Diploma in TESOL မှ သင်တန်းသူတစ်ဦးဖြစ်သည့် Ms. Mur shida Yacoob က Teaching Young Learners ခေါင်းစဉ်ဖြင့် ပါဝင် ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပြီး STI Education တည်ရှိရာအဆောင် (၇) အခန်း (၃)နှင့် အဆောင်(၄) အခန်း(၇)မြန်မာ အင်ဖိုတက် အဆောက်အအုံ ရန်ကုန်မြို့ လှိုင်တက္ကသိုလ် နယ်မြေ ဖုန်း-၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁နှင့် ၅၀၇၁၅၂ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်ခြင်း သင်တန်းဆင်း

ရန်ကုန် မေ ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အိမ်ရှင်မများအတွက် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်ခြင်း ရက်တိုသင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန် တိုင်းရင်းဆေးရုံကြီး၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက် အမှာစကား ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး တိုင်းရင်းဆေး ပျိုးပင်များကို သင်တန်းသူများသို့ လည်းကောင်း၊ သင်တန်းဆင်း လက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးသို့လည်းကောင်း ပေးအပ်သည်။ **(ယာပုံ)**

အသင်းဝင်အဆိုပြုလွှာပေး

ဆက်လက်၍ ဒေါ်မာမာဝေသည် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်ထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၅၀၀ ကို လက်ခံသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗဟန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သင်တန်းနှင့် စပ်လျဉ်းသည့် အချက်များကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် အသင်း၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ မီးဖိုချောင်သုံး ဆေးပင်များ အသုံးဝင်ပုံ ပြကွက် မှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

တက်ရောက်အောင်မြင်

အဆိုပါ သင်တန်းကို မေ ၁၂ ရက်မှစ၍ သုံးရက်ကြာဖွင့်လှစ်ခဲ့ပြီး သင်တန်းသူဦးရေ ၅၁ ဦးတက်ရောက် အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘွဲ့လွန်ဆေးပညာ သင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူ

နေပြည်တော် မေ ၁၆

၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်အတွက် ကျန်းမာရေး ဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင်ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာ သင်တန်းများ၊ မဟာသိပ္ပံသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ သူနာပြုမဟာသိပ္ပံသင်တန်း၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ သင်တန်းများနှင့် ဆေးဝါးမဟာသိပ္ပံ သင်တန်းဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၀၇ ခုနှစ် ဇူလိုင် ၃၁ ရက် နောက်ဆုံးပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

လက်ကျန်နှစ်ပွဲ အနိုင်ကစားမှသာ ဘွန်ဒက်စ်လီဂါဖလား ဆွတ်ခူးနိုင်မည့် စတုဂတ်

ကိုးကားရေးသားသူ
မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၁၆

၂၀၀၆–၂၀၀၇ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲများ ပြီးဆုံးတော့မည်ဖြစ်ရာ တန်းစီဇယားထိပ်ဆုံးတွင်ရှိနေသော စတုဂတ်နှင့်ရှော်လ်ကေးတို့ ဖလားရရှိရေးအတွက် ရာသီကုန်ပွဲစဉ်များကို အကြိတ်အနယ် နွှဲနေကြရပြီ ဖြစ်သည်။

ဖိအားပေး

လက်ရှိအချိန်အထိ ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ် (၃၃) အပြီးတွင် စတုဂတ်တို့က ၆၇မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသလို ဒုတိယနေရာမှ ရှော်လ်ကေးတို့က ပွဲတူ ၆၅ မှတ်ရရှိကာ ဒုတိယနေရာမှ ဖိအားပေးလျက်ရှိသည်။

နီးကပ်နေ

သို့သော် ရာသီကုန် ပန်းအဝင်ခရီးတွင် စတုဂတ်တို့ လက်ကျန်နှစ်ပွဲသာ ကစားရတော့မည်ဖြစ်ရာ ဘွန်ဒက်စ်လီဂါဖလားကို လက်ဝယ်ပိုင်ပိုင်ရရှိရေး အနီးကပ်ဆုံးအနေအထားသို့ ရောက်ရှိနေပြီ ဖြစ်သည်။

အစွမ်းထက်

ယခုနှစ် စတုဂတ်တို့ ခြေစွမ်းက အံ့သြဖွယ်ကောင်းအောင် အစွမ်းထက်နေသည်။ လက်ရှိအချိန်တွင် ၃၃ ပွဲကစား နိုင်ပွဲ၂၀၊ သရေစုနစ်ပွဲနှင့် ရှုံးပွဲခြောက်ပွဲ ရှိထားသည်။ သွင်းဂိုး ၅၉ဂိုး သွင်းယူထားနိုင်ပြီး ပေးဂိုး ၃၆ ဂိုး ရှိနေသည်။

ကြိုးစား

စတုဂတ်၏ ယခုနှစ်အောင်မြင်မှုများ ရရှိအောင် ကြိုးစားပေးသူများမှာ စတုဂတ်တိုက်စစ်မှူး ဂိုမက်ဇ်၊ ဆဲလ်ဗား နှင့် ရောဘတ်တိုဟီလ်ဘတ်တို့ ဖြစ်ကြပြီး အသင်းရလဒ်ကောင်းများရရှိရေး အစွမ်းကုန် ကြိုးစားပေးနေသူများ ဖြစ်သည်။

ဦးဆောင်နိုင်

စတုဂတ်တိုက်စစ်မှူး ဂိုမက်ဇ်သည် ယခုနှစ်ဘောလုံးရာသီ၌ ၁၄ဂိုး သွင်းယူထားပြီး တိုက်စစ်မှူးဆဲလ်ဗားက ၁၃ဂိုး သွင်းယူထားနိုင်သည်။ ထို့အတူ စတုဂတ် ကွင်းလယ်ကစားသမား ဟေးလ်ဘတ်က ခုနစ်ဂိုးသွင်းယူပေးနိုင်သလို ကွင်းလယ်ကစားသမား သောမတ်ဟစ်ဇစ်ပါဂါကလည်း ငါးဂိုးသွင်းယူထားနိုင်ခဲ့မှုကြောင့် စတုဂတ်တို့ တန်းစီဇယားထိပ်ဆုံးနေရာသို့ ရောက်ရှိလာပြီး ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အားသာ

စတုဂတ်၏ အားသာချက်မှာ ကွင်းလယ်နှင့် တိုက်စစ်အပိုင်းဖြစ်ပြီး တိုက်စစ်တွင် ဂိုမက်ဇ်၊ ကာကူး၊ ဘင်ဂျာမင်လုနှင့် မာကိုစထရီလာတို့က ပုံမှန်ဂိုးသွင်းနိုင်ကြသည်။ တိုက်စစ်တွင်လည်း မကြောက်မရွံ့အနာခံကာ တွန်းတွန်းတိုက်တိုက် ကစားနိုင်ကြသည်။

ကစားကွက်ကောင်း

ကွင်းလယ်မှ ဖာနွတ်၊ ဟေးလ်ဘတ်၊ ဂျင်နာနှင့် အင်တိုနီရှိဒါဆီလ်ဗားတို့ကလည်း တိုက်စစ်အထိ လိုက်ပါကာ ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်ကြသည်။ တစ်ကွင်းလုံးလည်း လိုက်ပါကစားနိုင်ကြရာ စတုဂတ်တို့၏ ယခုဘောလုံးရာသီတွင် ကွင်းလယ်ကစားကွက်မှာ အကောင်းဆုံးဖြစ်နေသည်။

ခံစစ်အားနည်း

စတုဂတ်၏ နောက်တန်းခံစစ်မှူးများမှာ အားနည်းချက်ရှိသည်။ အင်ဒရီဘတ်၊ ရီကာဒို၊ မာကော့စ်ဘတ်ဘယ်၊ ဖာနန်ဒိုမီရီရာနှင့် ဂါဘတို့က အကြိမ်အများအပြား နားလည်မှုလွဲတတ်နေရာ ခံစစ်ကြောင်း ပေါက်ပြီး ဂိုးများပေးခဲ့ရသည်။

ပုံမှန်ခြေစွမ်းပြ

စတုဂတ်နောက်တန်းသည် ဒုတိယနေရာမှ ရှော်လ်ကေးတို့ထက် မကောင်းသော်လည်း တတိယနေရာမှ ဝါဒါဘရီမင်တို့ထက် ပိုကောင်းနေသည်။ စတုဂတ်၏ အားသာချက်မှာ အဝေးကွင်း၊ အိမ်ကွင်း ပုံမှန်ခြေစွမ်း ပြနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်၌ စတုဂတ်တို့ ခြေစွမ်းအပြနိုင်ဆုံးပွဲစဉ်များမှာ အဝေးကွင်း၌ အာချန်အသင်းကို လေးဂိုးပြတ်၊ အဝေးကွင်း၌ပင် ဘာဘယ်စဘတ်အသင်းကို လေးဂိုး–နှစ်ဂိုး၊ အိမ်ကွင်း၌ ရှော်လ်ကေးကို သုံးဂိုးပြတ်၊ အဝေးကွင်း၌ ဖရန့်ဖတ်ကို လေးဂိုးပြတ် စသည့် နိုင်ပွဲများဖြစ်သည်။

ဂိုးပြတ်ရှုံးခဲ့ရသောပွဲမှာ နုရင်ဘတ်ကွင်း၌ နုရင်ဘတ်ကို လေးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းမှာ အဆိုးရွားဆုံးပွဲစဉ်ဖြစ်သည်။

ခက်ခက်ခဲခဲ

စတုဂတ်သည် လက်ကျန်နှစ်ပွဲကစားရန်ကျန်ရှိနေသေးရာ မေ ၁၉ရက်တွင် အိမ်ကွင်း၌ ကော့ဘတ်နှင့် ကစားရမည်ဖြစ်သလို မေ ၂၆ရက်တွင် အိမ်ကွင်း၌ပင် နုရင်ဘတ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ကျန်ပွဲစဉ်နှစ်ပွဲစလုံးကို စတုဂတ်တို့ အနိုင်ကစားရန် တော်ရုံကြိုးစား၍ မရပေ။ ခက်ခက်ခဲခဲ ကျော်ဖြတ်ရမည့် ပွဲများပင်ဖြစ်သည်။

ပွဲကုန်နိုင်မှ

ပထမအကျော့ ကော့ဘတ်နှင့် အဝေးကွင်း၌ ကစားခဲ့ရာတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သလို နုရင်ဘတ်အသင်းနှင့်ပထမအကျော့ပွဲတွင် စတုဂတ်တို့က ဂိုးပြတ် ရှုံးနိမ့်ခဲ့ရာ ယခုပွဲရလဒ်များသည် ဘွန်ဒက်စ်လီဂါဖလားရရှိရေးအတွက် အဆုံးအဖြတ်ပင်ဖြစ်ရာ စတုဂတ်တို့ ဘွန်ဒက်စ်လီဂါ၌ ချန်ပီယံဖြစ်ရေး ပွဲကုန်အနိုင်ကစားမှသာ ရမည်ဖြစ်ပါကြောင်း။ ။**(ကိုးကား–အင်တာနက်)**

လက်ကျန်နှစ်ပွဲကို ရေကုန်ရေခန်း ကြိုးစားကစားကြရမည့် စတုဂတ်အသင်းသားများ။ (ဓာတ်ပုံ–အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **မန်ယူနှင့် ချယ်လ်ဆီးတို့ မေ ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် နောက်တန်းလူ ဂယ်ရီနဗီးလ် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း မန်ယူက အတည်ပြုပြောကြားသည်။**

* မန်စီးတီးအသင်းသည် နည်းပြပီယာ့စ် ထွက်ခွာသွားပြီးနောက် နည်းပြသစ်ရရှိရေးအတွက် ရှာဖွေလျက်ရှိကြောင်း သိရသည်။

* **အဲဗာတန်နောက်တန်းလူ အလန်စတပ်ဘ်သည် အသင်းနှင့် တစ်နှစ်စာချုပ်သစ် ချုပ်ဆိုလိုက်ကြောင်း သိရသည်။**

(အင်တာနက်)

ကွင်းလယ်ကစားသမား တူဂေး ဘလက်ဘန်းနှင့် စာချုပ်ထပ်မံတိုး

ရေးသားသူ
မြင့်မောင်စိုး

လန်ဒန် မေ ၁၆

ဘလက်ဘန်းအသင်းမှ တူရကီကွင်းလယ်ကစားသမား တူဂေးသည် အသင်းနှင့် တစ်နှစ်စာချုပ်သစ် ထပ်မံချုပ်ဆိုလိုက်သည်။

အဆိုပါစာချုပ်သည် အသက် (၃၆)နှစ်ရှိ တူဂေးအတွက် ဘလက်ဘန်း၌ကစားသည့် ခုနစ်နှစ်မြောက် စာချုပ်လည်းဖြစ်သည်။ ဘလက်ဘန်းအသင်းသည် ယခုနှစ် ပရီမီယာလိဂ်တွင် နံပါတ် ၁၀ သာ ချိတ်နိုင်ခဲ့သည်။ ယူအီးအက်ဖ်အေ ဖလားနေရာနှင့် လွဲချော်ခဲ့ရသည်။ ၎င်းသည် ဘလက်ဘန်းသို့ ရောက်ရှိသည့်အဆိုပါကာလအတွင်း ပွဲပေါင်း၂၃၀ကျော် ကစားပေးခဲ့ပြီး ၁၀ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဘလက်ဘန်း ကွင်းလယ်ကစားသမား တူဂေး။
(ဓာတ်ပုံ–အင်တာနက်)

အနားယူ

တူဂေးအား နည်းပြဟောင်း ဂရမ်မီဆောင်းနက် လက်ထက် ၂၀၀၁ ခုနှစ်က ရိန်းဂျားစ်အသင်းမှ ပေါင်၁ဒသမ ၃ သန်းဖြင့် ဘလက်ဘန်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း တူဂေးသည် ၂၀၀၃ ခုနှစ် နိုဝင်ဘာလက နိုင်ငံလက်ရွေးစင်ဘောလုံးကစားသမားအဖြစ်မှ အနားယူခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

နယူးကာဆယ် နည်းပြသစ်နေရာ ဆမ်အလာဒိုက်အားခန့်အပ်

လန်ဒန် မေ ၁၆

နယူးကာဆယ်အသင်းက ဘော်လ်တန်အသင်းနည်းပြဟောင်း ဆမ်အလာဒိုက်အား နယူးကာဆယ်အသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက် (၅၂) နှစ်ရှိ ဆမ်အလာဒိုက်သည် မေ ၆ ရက်က နုတ်ထွက်သွားသော ဂလင်းရိုဒါ၏နေရာကို လွှဲပြောင်းရယူလိုက်ခြင်းဖြစ်သည်။

ထူထောင်

၎င်းသည် ဘော်လ်တန်အသင်းကို ခုနစ်နှစ်တာကိုင်တွယ်ခဲ့ပြီး တောင့်တင်းခိုင်မာသော အသင်းကောင်းတစ်သင်းအဖြစ် ထူထောင်ပေးနိုင်ခဲ့သည်။ သို့ရာတွင် ၎င်းအနေဖြင့် ဘော်လ်တန်အသင်းကို ရှစ်နှစ်တာ ကိုင်တွယ်ခဲ့ပြီးနောက် ဧပြီလက နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သည်။ **(အင်တာနက်)**

လီဗာပူးအသင်း၏ အောင်မြင်မှုပုံဖော်ပေးနေသည့် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်

လန်ဒန် မေ ၁၆

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် လီဗာပူးအသင်းနှင့် နောက်ထပ်လေးနှစ် စာချုပ်တစ်ရပ်ကို ချုပ်ဆိုတော့မည်ဖြစ်ကြောင်း လီဗာပူးကလပ်က ပြောကြားသည်။ လီဗာပူးအသင်း၏ အောင်မြင်မှုကို ပုံဖော်ပေးနိုင်ခဲ့မှုကြောင့် စတီဗင်ဂျရတ်အား လီဗာပူးက ပိုမိုလိုလားလျက်ရှိသည်။

အသက် (၂၆) နှစ်ရှိ ဂျရတ်သည် လက်ရှိ လီဗာပူးအသင်းနှင့် နှစ်နှစ်စာချုပ် ကျန်ရှိနေသေးသည်။ သို့သော်လည်း လီဗာပူးအသင်းပိုင်ရှင်များက ဂျရတ်အား နောက်ထပ် စာချုပ်သစ် ချုပ်ဆိုသွားရန် စိတ်အားထက်သန်နေကြသည်။



လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်။
(ဓာတ်ပုံ–အင်တာနက်)

အသင့်ဖြစ်

မိမိအနေဖြင့် ယခုအချိန်မှစ၍ စာချုပ်သစ်တစ်ရပ်ကို မည်သည့်အချိန်မဆို ချုပ်ဆိုရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ မကြာမီ ချုပ်ဆိုနိုင်လိမ့်မည်ဖြစ်ကြောင်း စတီဗင်ဂျရတ်က ပြောကြားသည်။

သဘောတူ

လီဗာပူးအသင်း ပိုင်ရှင်သစ်များဖြစ်ကြသည့် တုန်ဟစ်နှင့် ဂျော့ဂျီးလက်တို့ကလည်း အသင်းခေါင်းဆောင် ဂျရတ်အား တစ်ပတ်လုပ်ခလစာအဖြစ် ပေါင် ၁၂၀၀၀၀ ပေးရန် သဘောတူညီထားကြသည်ဟု ဆိုသည်။

အဆိုပါ ချုပ်ဆိုမည့် စာချုပ်သည် လီဗာပူးအသင်းကို ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း လီဗာပူးတာဝန်ရှိသူများက မျှော်လင့်ထားကြသည်။

မိမိတို့သည် ချန်ပီယံလိဂ်ထက် ယခုနှစ်ရာသီသည် ရည်မှန်းချက်များစွာ ရှိနေပြီဖြစ်ကြောင်းလည်း ဂျရတ်က ပြောကြားသည်။ (အင်တာနက်)

မင်္ဂလာညစာ်ခံပွဲ ကျေးဇူးတင်လွှာ

သံတွဲမြို့နေ ဦးမြင့်လွင်-ဒေါ်မိမိခိုင်တို့၏သားကြီး

မောင်ကျော်စိုးလွင်

B.E (Mn),B.B.S,D.B.S,D.M.L,D.I.R,D.I.C.T,D.C.Sc, Dip in Eng; Dip in Gem Identification,M.I.Sc(Thesis) M.O.T Second Class Part(A) Engineer

နှင့်

အင်းစိန်မြို့နေ ဦးသန်းတင်-ဒေါ်ဝင်းဝင်းရီတို့၏သမီး

မဝင်းသူဇာတင်

B.Sc(Physics),A.G.T.I (FC),Dip in IT, I.A.D.C.S (NCC-UK), B.C.I.S (Final) NCC-UK Senior Instructor,K.M.D Computer Centre

တို့၏ ၁၆-၄-၂၀၀၇ရက် သံတွဲမြို့ နေအိမ်တွင် လက်ထပ်ထိမ်းမြားပေးသော ဆရာတော်ကြီးအမီးရုံနူရွဒ္ဒင် ဦးခင်မောင် Dip,Ag, B.Sc. (Hons), H.G.P, R.L, Advocate အားလည်းကောင်း၊ သံတွဲမြို့မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၃-၅-၂၀၀၇ရက် (တနင်္ဂနွေနေ့)Yuzana Garden Hotelတွင်ကျင်းပပြုလုပ်သော မင်္ဂလာညစာ်ခံပွဲတွင် ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးစိုးတင့်နှင့်ဇနီး ဒေါ်အေးအေးချစ်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်နှင့်ဇနီး ဒေါ်တင်တင်အေး President -KMD Computer Group တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်နှင့် မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ မိတ်ကပ်၊ ဆံပင်အလှဖန်တီးရှင် ပွင့်၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး (ဗိုလ်ချုပ်ဈေး)၊ ပန်းအလှဆင်နီနီပွိုင့်၊ ဓာတ်ပုံ၊ ဗီဒီယို ဝဏ္ဏခွာနီး၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စိုးလွင်-မဝင်းသူဇာတင်။

အမည်မှန်

အဖဦးထိန်ဝင်း၏သမီး ရန်ကင်းလေ့ကျင့်ရေး အလယ်တန်းကျောင်း ဆဋ္ဌမတန်း(B)မှ မစုစန္ဒီထိန်ဝင်း၏ အမည်မှန်မှာ မဆုစန္ဒီထိန်ဝင်း ဖြစ်ပါသည်။ **မဆုစန္ဒီထိန်ဝင်း။**

အမည်ပြောင်း

အဖ ဦးသန်းကျော်ဌေး၏သားဖြစ်သူ ရန်ကင်း T.T.C Grade -5 (C) မှ မောင်စည်သူထွန်းအား မောင်စွမ်းပြည့်ကျော်ဌေးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စွမ်းပြည့်ကျော်ဌေး။**

အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁)	Mechanical Engineer	B.E(MP)	ကျား(၄)ဦး
(၂)	Electrical Engineer	B.E(EP)	ကျား(၃)ဦး
(၃)	Mechanical Engineer	AGTI(MP)	ကျား(၂)ဦး
(၄)	Procurement Manager	AGTI(MP)	ကျား(၁)ဦး
(၅)	Accountant B.Com.,LCCI(III),	CPA	ကျား/မ(၈)ဦး
(၆)	Quality Control Crew	B.Sc(Chem)	ကျား/မ(၂)ဦး
(၇)	Store Keeper ဘွဲ့တစ်ခုခုရရှိသူ		ကျား(၂)ဦး
(၈)	Highway Driver		ကျား(၁၂)ဦး

အမှတ်စဉ်(၁)မှ (၄)အထိအတွက် လျှောက်ထားသူများသည် အသက်(၄၅)နှစ်အောက် ဖြစ်ရပါမည်။ အမှတ်စဉ်(၅)မှ (၈)အထိအတွက် လျှောက်ထားသူများသည် အသက်(၃၅)နှစ်အောက် ဖြစ်ရပါမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

အထက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများပူးတွဲလျက် အမှတ် ၇/၈၊ ဗဟိုစည်ရိပ်သာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်ထားနိုင်ပါသည်။





အမှတ်(၁)စက်မှုဝန်ကြီးဌာန ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာ့စားသောက်ကုန်လုပ်ငန်းအတွက် လိုအပ်သော ဂျုံစေ့ (ဂျုံဖြူ/ဂျုံနီ)များ ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပိတ်ရက် - ၂၈-၅-၂၀၀၇ ရက် (၁၆:၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း
ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၈၂၇၅။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Myanmar Cherry Pan Travels Ltd.မှ Sakura Tower နှင့် Sakura Residence အတွက် အောက်ပါလစ်လပ်နေရာများကို ခေါ်ယူနေပါသည်။

(1) Restaurant Attendants (2) Asst: Chief Engineer
(3) Receptionists (4) Generator Technicians
(5) Chief Cooks

အခြေခံအင်္ဂလိပ်စာ ကျွမ်းကျင်မှုလိုအပ်သည်။ လုပ်သက်အတွေ့အကြုံ အနည်းဆုံးနှစ်နှစ်ရှိရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ အောက်ပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

၅၀၅၊ ငါးထပ်၊ ဆာကူရာတာဝါ၊ ၃၃၉၊ ဗိုလ်ချုပ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၅၂၅၅။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကျော်ကျော်နိုင်၏ နိုင်ငံကူး လက်မှတ် အမှတ်-၀၇၂၂၉၁ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၅၅၄၆၆၄။**

ရောင်းမည်

ပေါင်းပါကေး
ရှယ်ကျွန်းတံခါး
၇၀- ဗညားဒလလမ်း
သိမ်ဖြူတင်းနစ်ကွင်းရှေ့
ဖုန်း-၂၉၁၇၃၂၊ ၅၅၄၈၅၈။

လူပျောက်ကြော်ငြာ

ဒဂုံ/တ(၅၇)ရပ်ကွက် စိန်ရောင်ခြည်လမ်း မ/၁၁၂၆/က နေ အဖ ဦးလှသန်း၏သား မောင်မျိုးသန့်ဇင် (၁၇)နှစ်သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် လက်ခံထားသူအား ဥပဒေအရ အရေးယူပါမည်။ **ဆက်သွယ်ရန် - မိခင် ဒေါ်စိန်မြင့်**
ဒဂုံ/တ (၅၇)ရပ်ကွက်၊ မ/၁၁၂၆/က၊ ဖုန်း- ၇၂၆၅၇၆။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၇၈၁၆ ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်ဖြိုး မှတ်ပုံတင်အမှတ် ၁၂/သကတ(နိုင်) ၀၄၀၇၈၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊အရှေ့ပိုင်းခရိုင်ရုံး၊ ရန်ကုန်မြို့။

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ အိတ်ချ်၊ မြေကွက်အမှတ် ၃၂၊ မြေဧရိယာ ပေ၂၀Xပေ၄၀ မြေနှင့် မြေပေါ်ရှိနှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဦးနေဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်ကြောင်း အဆိုပြုပြီး ကန့်ကွက်ရန်ရှိသူတို့သည် ဤသတင်းစာတွင် ကြော်ငြာပါရှိသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ တရားဝင်စာရွက်စာတမ်းအထောက်အထားများ ယူဆောင်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်လျှင် တရားဝင်ရောင်းချမှုကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်လွင် (စဉ်-၁၃၂၇/၇၂) B.A(Law), LL.B, D.I.L, D.M.L
ဒေါ်ကြည်ကြည်ကြီး (စဉ်-၄၆၃၄/၈၈) B.Sc., H.G.P, R.L

တရားရုံးချုပ်ရှေ့နေများ
အမှတ် ၅၆၃၊ အခန်း ၁၀၃(ဘီ)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်။



ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်မောင်မြင့်မော် ၁၂/တမန(နိုင်)၀၂၀၃၉၃၏ဇနီးဖြစ်သူ မမာဂရက်ထွန်း ၁၂/ဒဂမ(နိုင်) ၀၁၈၄၈၈သည် မိမိသဘောဆန္ဒအရ ၁၀-၅-၂၀၀၇ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ကိုမြင့်မော်။

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ၁၀နှစ်ပြည့်အထိမ်းအမှတ် အသက်ရာကျော် ဘိုးဘွားများအား ပူဇော်မည်

ရန်ကုန် မေ ၁၆

မင်္ဂလာဗျူဟာအသင်းချုပ်၏ အဖွဲ့ငယ်တစ်ခုဖြစ်သော မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့တည်ထောင်ခြင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တတိယအကြိမ်မြောက် မြန်မာနိုင်ငံတစ်ဝန်းမှ အသက်(၁၀၀)နှင့်အထက် ဘိုးဘွားများပူဇော်ပွဲကို ဇွန်လတွင် ကျင်းပရန်စီစဉ်ထားသည်။ ဘိုးဘွားများ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန် နေရပ်လိပ်စာ အပြည့်အစုံ၊ ပို့စကတ်အရွယ် ဓာတ်ပုံတစ်ပုံတို့ကို သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်နှင့်အတူ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ အာဇာနည်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ ဇွန်၁ရက် (သောကြာနေ့) နောက်ဆုံးထား စာရင်းပေးသွင်းကြပါရန်နှင့် မင်္ဂလာဗျူဟာအသင်းချုပ်အဆောက်အအုံတွင်ကျင်းပမည့် အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများပူဇော်ပွဲသို့ ကိုယ်တိုင်ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ မကြွရောက်နိုင်သော ဘိုးဘွားများကို စာတိုက်မှတစ်ဆင့် သို့မဟုတ် အဖွဲ့အမှုဆောင်များက လာရောက်ကန်တော့ကြမည်ဖြစ်ရာ ပစ္စည်းနှင့် အလှူငွေလှူဒါန်းလိုသူများသည် မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ဖုန်း-၃၇၀၉၅၈သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမှတ်(၇) ၁၆၁လမ်း တာမွေမြို့နယ်နေ ဦးနေဝင်း-ဒေါ်စန်းစန်းမူ၊သမီး ဖြိုးသန္တာဝင်း၊ ဖြိုးနီလာဝင်း၊ ဖြိုးဟေမာဝင်း၊ ဖြိုးဥမ္မာဝင်း၊ ဖြိုးဇာနည်ဝင်း မိသားစုက ဦးနေဝင်း၏(၅၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က-ပ)

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဂုဏပူဇော်

သီပေါ မေ ၁၂

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ညောင်ကုန်းပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာသဘ မဟာထေရ်အား ဂုဏပူဇော်ပွဲနှင့် ကံထပ်မင်္ဂလာ အခမ်းအနားကို မေ ၂ ရက်က နမ့်လန် မြို့လယ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏောဘာသ ဦးဆောင်မှုဖြင့် ဆရာတော်၊ သံဃာတော်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ သီပေါမြို့နယ် နမ့်လန် မြို့လယ်ကျောင်းတိုက်၌ ကျင်းပသည်။ (ယာပုံ)

အစီအစဉ်အရ ရတနာသုံးပါးနှင့် ဆရာတော်ကြီးအား ပူဇော်ကန်တော့ကြပြီး နိုင်ငံတော်က ဆက်ကပ်သော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်စာတန်းကိုနမ့်လန်ရှမ်းယဉ်ကျေးမှုအဖွဲ့က သရုပ်ဖော်ပူဇော်ခြင်း၊ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့၊ ဓမ္မစကြာ ဝတ်အသင်းတို့ကလည်းကောင်း၊ နမ့်လန်မြို့နွေရာသီ ယဉ်ကျေးမှုသင်တန်း ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများက ရှမ်းဘာသာဖြင့်လည်းကောင်း ရွတ်ဆိုပူဇော် ကန်တော့ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်ကြီးထံမှ ဩဝါဒခံယူကာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး စံရွှေထွန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဒုတိယဗိုလ်မှူးကြီး စံရွှေထွန်းနှင့် နမ့်လန်အုပ်စုဥက္ကဋ္ဌ ဦးစိုင်းကျော်လှိုင်တို့က ဒေသခံဆရာတော်များနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းငွေ ကျပ် ၁၀၇၀၀၀၀ ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် နမ့်လန်မြို့လယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ ဦးဆောင်၍ လှူဒါန်းမှု အစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြသည်။

(စာပေနှင့် စာနယ်ဇင်း)

မေ ၂၆ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် အမှတ် (၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန်ပရိယတ္တိစာသင်တိုက် အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် အမှတ် (၁၃၃) သံလွင်လမ်း ကမာရွတ်မြို့နယ်နေ ဒေါက်တာဦးမျိုးတင့်-ဒေါ်မြခိုင်မိသားစုတို့က ငွေကျပ်တစ်သိန်းကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

ဖလမ်း မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက် ထပ်ဆင့်ရှင်းလင်းပွဲနှင့် ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် နံနက် ၁၀ နာရီက ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များကို ချင်းပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်က အသေးစိတ် ဆွေးနွေးရှင်းလင်းသည်။

ဆက်လက်ဆောင်ရွက်

ဆက်လက်၍ တီးတိန်၊ တွန်းဇန်၊ ထန်တလန်၊ ဟားခါး၊ ရိခေါဒါရ်၊ ကျီခါးနှင့် ဖလမ်းမြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှု၊ ကျေးရွာစာကြည့်တိုက်များ အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုတင်ပြကြကာ ခရိုင်ဦးစီးအရာရှိ ဦးမင်းစိန်က ခရိုင်အတွင်း လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ ဖြည့်စွက်တင်ပြသည်။

ထို့နောက် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချင်းပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး၊ ဖလမ်းခရိုင်ဦးစီးအရာရှိနှင့် ဖလမ်းခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရပ်ကွက်ပညာပဒေသာဌာန စာကြည့်တိုက်ဖွင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

မိုင်းဖြတ် ဧပြီ ၁၀

မိုင်းဖြတ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ရပ်ကွက်ပညာပဒေသာဌာန စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၁ရက်နံနက်က မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာအုပ်စု ပါပူးစံပြကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေနှင့် ကျေးရွာရပ်မိရပ်ဖ ဦးခမ်းကျန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က ရပ်ရွာပညာပဒေသာဌာန အကြောင်းနှင့် မြို့နယ်ဥက္ကဋ္ဌက စာအုပ်လှူဒါန်းရခြင်းအကြောင်း ဆွေးနွေးပြောကြားပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာမှတာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့ ဧပြီ ၁၀ရက်က ဘူးသီးတောင်မြို့ အဖွဲ့ပိုင်ဈေးတွင် သား ငါးတန်းများ ယင်လုံဆန်ခါဖြင့် ရောင်းချမှုကို လိုက်လံစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့က ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင် မြို့မဈေးအတွင်း၊ အပြင် ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ပိတ်ဆို့အမှိုက်များရှင်းလင်း

ပြင်ဦးလွင် မေ ၁၀

(၆၁)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ၂ရက်က ပြင်ဦးလွင်မြို့ မြို့မဈေးကြီးအတွင်း၊ အပြင်၌ ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးပြုလုပ်ကြသည်။

သန့်ရှင်းရေးပြုလုပ်ရာတွင် ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးမြသိန်းနှင့် စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်ကြီး ၁၀ ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မြို့မဈေးကြီးအတွင်း၊ အပြင်ရှိ ရေဆိုးမြောင်းများနှင့် ကုန်သည်လမ်းရှိ ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ပိတ်ဆို့နေသော အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်ကြကြောင်း သိရသည်။

(၂၈၀)

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်နယ်/တိုင်း လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ခရိုင်ဦးစီးအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များကို ပဲခူးတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က တိုင်းအတွင်းရှိ ပဲခူးခရိုင် ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများအား မေ ၁၀ ရက်က ထပ်ဆင့်ရှင်းလင်းစဉ်။ (ခရိုင် ပြန်/ဆက်)

သန့်ရှင်းလတ်ဆတ်သော အသားများ ယင်လုံဆန်ခါဖြင့် ရောင်းချရေးစစ်ဆေး

ပခုက္ကူ မေ ၁

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်သည် ကျန်းမာရေးမှူး ဦးလင်းလင်းနှင့်အတူ ဧပြီ ၂၃ရက်က ကမ္မစံပြကျေးရွာ ဈေးအတွင်း ကွင်းဆင်းကြည့်ရှုကြသည်။

ဒုတိယဦးစီးမှူး (ဈေး) ဦးလင်းမင်းညွန့်က ဈေးအတွင်း လိုက်လံပြသပြီး အမှုဆောင်အရာရှိက ဝက်သား၊ အမဲသားများ သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်း ရောင်းချရေး၊ ယင်လုံဆန်ခါထားရှိရေးနှင့် သန့်ရှင်း လတ်ဆတ်သော အသားများ ရောင်းချရေးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

(မြို့နယ်စည်ပင်)

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ကျောင်းတက်လမ်းနှင့် လမ်းမကြီး လမ်းဆုံတွင် မြေခင်းအလှ ပြုလုပ်ရန် ပန်းစိုက်အုတ်ခုံ ပြုလုပ်မှုကို အမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သိန်းထွန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်ဆဲဖြစ်သည့် အိန္ဒိယနိုင်ငံ ဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ကျောင်းအလှူရှင် ဦးမြင့်ဟန်-ဒေါ်ကြည်ကြည်စိန် မိသားစုနှင့် ရွှေအိုးကြီး ဝန်ထမ်းမိသားစုတို့က ကျောင်းအလှူငွေကျပ် ၂၅၀၀၀၀၀ကို ကျောင်းအကျိုးတော်ဆောင် ဆရာတော် အရှင်ဂန္ဓသာရ (စာချနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာ သိမ်တော်ကြီးကျောင်း) ရှေ့မှောက်တွင်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကြူကြူနိုင် (မင်္ဂလာဈေး)က လက်ခံယူစဉ်။ (က-ပ)

အုတ်ရေလှောင်ကန် ဆီဆိုင်မြို့၌ဖွင့်

ဆီဆိုင် မေ ၂၀

ဆီဆိုင်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေး လက်ရေပေးရေး လုပ်ငန်းဖြစ်သော တောရနှင့် မီးရယ်ကျေးရွာတို့တွင် အုတ်ရေလှောင်ကန်နှစ်ကန် ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခိုင်ထွန်း၊ မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် လွယ်ပွတ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မိဘများ နှင့် ဦးစိန်လင်းတို့အား ရည်စူး၍ ရန်ကုန် တိုင်း ပုဇွန်တောင် မြို့နယ် ၅၁ လမ်း အမှတ် (၈၈)နေ ဒေါ်တင်ညွန့်မိသားစု က ဒဂုံမြို့နယ် အမှတ် ၁၆ စကား ဝါလမ်း မင်းကွန်း ဆရာတော် ကြီး၏တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်း တော်ကြီး အတွက် အလှူငွေကျပ်နှစ်သိန်း ကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံပေးအပ်လှူဒါန်းစဉ်။(က-ပ)

ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လယ်ယာမြေစုပေါင်း နုန်းသွင်း၊ နုန်းချ မိုးစပါးစိုက်ပျိုးမည့်လယ်မြေများ မြေဆီဩဇာထက်သန်ကောင်းမွန် စပါးအထွက်တိုးရေး များစွာအထောက်အကူပြု

ညောင်တုန်း မေ ၁၄

လယ်ယာမြေများ မြေဆီဩဇာထက်သန်ရေး၊ ချောင်းမြောင်းများ မတိမ်ကောရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးတို့အတွက် လယ်ယာမြေ စုပေါင်းနုန်းသွင်း၊ နုန်းချပွဲကို မေ ၁၁ ရက် နံနက် ၇ နာရီက ညောင်တုန်းမြို့နယ် ပန်းလှိုင် ရေထိန်းတံခါးဘေးရှိ ဆားမလောက်ကျေးရွာအုပ်စု ဝါးတောကျေးရွာ ကွင်းအမှတ် ၃၈၅ ဦးပိုင် ၇၀/၇၁ မိုးစပါးစိုက်ပျိုးမည့် လယ်မြေငါးဧကတွင် ကျင်းပသည်။

အဆိုပါ လယ်ယာမြေ စုပေါင်းနုန်းသွင်း၊ နုန်းချပွဲသို့ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးညွန့်တင်၊ အဖွဲ့ဝင်မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းနောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမြင့်အေးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက် အားပေး ကြီးကြပ်ဆောင်ရွက်ကြပြီး ဆားမလောက် ကျေးရွာ အုပ်စုနှင့် တူးချောင်းကျေးရွာအုပ်စုတို့မှ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ အင်အား ၄၀၀ကျော် တို့က ပန်းလှိုင်ရေထိန်းတံခါး လက်တံမြောင်းအတွင်းမှ နုန်းများကို လက်ဆင့်ကမ်း သယ်ဆောင်ကြပြီး မိုးစပါးစိုက် ပျိုးမည့်လယ်မြေများအတွင်းသို့ ဖြန့်ချကြသည်။**(ဝဲပုံ)**

ယင်း လယ်ယာမြေများသို့ နုန်းသွင်း၊ နုန်းချပေးမှုကြောင့် လက်တံမြောင်းများအတွင်း အမှိုက်နှင့် နုန်းများရှင်းလင်း သဖြင့် ရေစီးရေလာကောင်းမွန်ပြီး မိုးစပါးစိုက်ပျိုးမည့် လယ်မြေများ မြေဆီဩဇာထက်သန် ကောင်းမွန်ကာ စပါး အထွက်တိုးရေးကို များစွာအထောက်အကူပြုသည်။

ထိုနေ့က ပန်းလှိုင်ရေထိန်းတံခါး လက်တံမြောင်း အတွင်းမှ နုန်း ၁၀ ကျင်းခန့်ကို မိုးစပါးစိုက်ပျိုးမည့် လယ်မြေ ငါးဧကအတွင်းသို့ ထည့်သွင်းနိုင်ခဲ့ကြသည်။

ယခုနှစ် ညောင်တုန်းမြို့နယ်တွင် မိုးစပါးစီမံကိန်း ၆၅၇၀၃ ဧကပြည့်မီအောင် စိုက်ပျိုးကြမည့်အပြင် တစ်ဧက အထွက်နှုန်းတိုးရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၀၉၈)**

ကလောမြို့ အေးရေးကန်ဆည် ပြုပြင်ခြင်းလုပ်ငန်းမှ ရေပိုလွှဲ(ပထမပိုင်း) ကျောက်စီနံရံပြန်လည်တည်ဆောက် ခြင်း လုပ်ငန်းကို မတ် ၂၆ ရက်က ရှမ်းပြည်နယ်(တောင် ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင် ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်/စည်ပင်)

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

မန္တလေး မေ ၁၀

(၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးခရိုင် သန္ဓေအရန်မီးသတ် တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁ ရက် နံနက် ၉ နာရီက ၂၉ လမ်း ဗဟိုမီးသတ်စခန်းတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မီးသတ်ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်၊ ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကျော်နှင့် မြို့နယ်ဦးစီးမှူးများ၊ ခရိုင်အရန် မီးသတ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမောင်နှင့် ကော်မတီဝင်များ၊ ဒုတိယ တပ်ရင်းမှူးများ၊ တပ်ခွဲမှူးများ၊ ခုနစ်မြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင် များ၊ မန္တလေး အမျိုးသားသွေးလှူဘဏ် တာဝန်ခံ ဒေါက်တာ ဒေါ်ခင်စိန်ဝင်း၊ လက်ထောက် တာဝန်ခံ ဒေါက်တာ ဒေါ်ခင်ထွေးလွင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ တိုင်း မီးသတ်ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်က သွေးလှူဒါန်း ရခြင်း အကြောင်း ရှင်းလင်းတင်ပြပြီး သွေးလှူဘဏ် တာဝန်ခံ ဒေါက်တာ ဒေါ်ခင်စိန်ဝင်းက တပ်ဖွဲ့ဝင်များ သွေး လှူဒါန်းသည့်အတွက် ဂုဏ်ယူ ကျေးဇူး တင်စကား ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် သန္ဓေအရန်မီးသတ် တပ်ဖွဲ့ဝင် ၁၅၁ဦးတို့က သွေးများကို လှူဒါန်းရာတိုင်းဦးစီးမှူးနှင့် သွေးလှူဘဏ် တာဝန်ခံတို့က သွေးလှူဒါန်းကြသော တပ်ဖွဲ့ဝင်များကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဆောင်ရွက်ပေးကြ သည်။

သွေးများလှူဒါန်းအပြီးတွင် တိုင်း ဦးစီးမှူးက သွေး၁၅၁ပုလင်းကို တာဝန် ခံထံ ပေးအပ်ရာ တာဝန်ခံက လက်ခံ ရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ကြောင်း သိရသည်။ **(၁၆၂)**

ပဲခူးတိုင်း ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကတ္တရာလမ်းပေါက်များ ဖာထေးပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်က ဖြူးမြို့ ရုံးရပ်ကွက် ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းပြုပြင် ဖာထေးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လဆန်း ၃ ရက်
၁၈-၅-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်း ဆရာတော် ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ရေတာရှည်မြို့နယ် သစ်တောဦးစီး ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ဆားလျှော့စားပါ)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အရင်းနှီးဆုံးရင်ခုန်သံ)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) တစ်မိုးသစ်လေသောအခါ (ကိုအံ့ကြီး)
(၂) ကျွန်မအသည်းထဲမှာ မိုးတွေရွာ (အိအိချွန်)
(၃) မြစ်ရေတစ်လှည့် မိုးရေတစ်ပေါက် (ရာဇာဝင်းတင့်)
၁၆း၃၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ပဲခူးမြို့က မြန်မာ့ရိုးရာ ပန်းပုအနုပညာလုပ်ငန်း)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) စနစ်တကျမွေးမြူကျ(ခေါင်းကြီး)
(၂) သီးခြား ကမ္ဘာလေးထဲမှာ (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (နေပူပူ မိုးရွာရွာ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (စိတ်ချမ်းသာဖို့ လေ့ကျင့်ရန် အကြောင်း-မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (တေးပွင့်ကြယ်စင်-ကာလပေါ် တူရိယာအဖွဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အမေ့အိမ် (ခင်နှင်းသက်)
(၂) ချစ်ရက်ကြုံနိုး မဆုံနိုး (မောင်မောင်ညွန့်)
(၃) ကြင်သူမေ့လျှင်ခက်ခြေမည် (အေဝမ်းတင်တင်လှ)

ရန်ကင်းမြို့နယ် ပြည်သာယာ(ကျိုက္က ဆံ စူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း ရွှေပြည်ဟိန်း ဆရာတော်အား သိက္ခာထပ် အလှူနှင့် ကုသိုလ်ဖြစ် ဆေးခန်း အတွက် မြောင်းမြမြို့နယ် မြင်းကကွင်းရွာနေ ကိုမျိုးအောင်–မခင်မာချို မိသားစုက အလှူငွေ ကျပ်သုံးသိန်းလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

ဘဒ္ဒန္တဝိသုဒ္ဓါစာရအား ကံထပ်မင်္ဂလာကျင်းပ

ကောလင်း မေ ၅

ကောလင်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကကြီးမှူး၍အလှူရှင်ဦးသန်းမိုး–ဒေါ်မြင့်မြင့်ဦးတို့က တော်မော်ကျေးရွာ မဟာဝိသုဒ္ဓါရာမ သာသနာ့ရိပ်သာ ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိသုဒ္ဓါစာရအား တတိယအကြိမ်မြောက် ကံထပ်မင်္ဂလာ ကျင်းပပြီး တောင်မော်ရိပ်သာနယ်မြေ အတွင်းရှိ ပုသိမ်မြို့ မော်တင်စွန်းစေတီတော်မြတ်ကြီး ပုံတူစေတီတော်အားရွှေ သင်္ကန်းကပ်လှူခြင်း၊ ကုက္ကိုကုန်းကျောင်း ဘုရားတန်ဆောင်းတစ်ခန်းအလှူ၊ ကျောက်ကြမ်းတောင်တောရကျောင်း ရေကန်အလှူ၊ ပိဋကတ်သုံးပုံအလှူ၊ ဓမ္မာရုံ တစ်ခန်းအလှူတို့ကို ရေစက်ချ လှူဒါန်းကြသည်။ (ဝ၂၆)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး မြတ်သန္တာ မဟာစည်ရိပ်သာ၌ အသစ်တည်ဆောက်လျက်ရှိသော မြတ်သစ္စာသိမ်တော်အတွက် ဦးသောင်းညွှန့်–ဒေါ်မြတ်မြတ်ခိုင်၊ သား မောင်တေဇာအောင်၊ မောင်ကျော်စိုးဟန်၊ သမီးမအေးချစ်ပိုး (မင်္ဂလာဒုံဈေး မြတ်သစ္စာ စိန်ရွှေရတနာဆိုင် မိသားစု)က အလှူငွေကျပ်သိန်း၅၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအမကြီး ဒေါ်လှခင်စောက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ပြန်/ဆက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ တောင်ငူမြို့၌ ကျင်းပ

တောင်ငူ မေ ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်/တိုင်း ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ခရိုင်ဦးစီးအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)နေပြည်တော်တွင် ဧပြီ ၂၆ရက်မှ ၂၈ရက်အထိ ကျင်းပသည်။

ကျင်းပ

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမတွင် မေ ၃ရက် နံနက် ၁၀နာရီက ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို ပဲခူးတိုင်း(အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ကလည်းကောင်း **(အပေါ်ပုံ)** ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များကို တောင်ငူခရိုင် ဦးစီးအရာရှိ ဦးသန်းဌေးကလည်းကောင်း ထပ်ဆင့်ရှင်းလင်းကြသည်။

တက်ရောက်

အခမ်းအနားသို့ တောင်ငူခရိုင်လက်အောက်ရှိ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်ဦးစီးမှူးများနှင့် ခရိုင်ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဂျပန်ဘာသာ သင်တန်းပို့ချ

ရေနံချောင်း ဧပြီ ၂၀

ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး ဖွင့်လှစ်သော ဂျပန်ဘာသာသင်တန်းကို ဧပြီ ၆ရက်က အထက(၁) ကျောင်းခန်းမတွင် သင်ကြားပို့ချရာ သင်တန်းသား ၅၀တက်ရောက်ကြသည်။

သင်တန်းကို နေ့စဉ် ညနေ ၄နာရီမှ ၆နာရီအထိပို့ချကြပြီး သင်တန်းကာလ မှာတစ်လကြာမြင့်ခဲ့ကြောင်းသိရသည်။ (၂၉၇)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းလပ်မြို့ မြို့ပြလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုကို ဧပြီ ၂၈ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးစိုးလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

လှိုင်ကော်မြို့နယ်၌ နိုင်ငံသား စိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးရေး ဆောင်ရွက်

လှိုင်ကော် မေ ၁၂

ကယားပြည်နယ် လှိုင်ကော်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းသရုပ်ပြမှုကို မေ ၈ရက်က ကယား ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ လှိုင်ကော် ခရိုင်ဦးစီးဌာနမှူး ဦးယဉ်ထွေးက ကြီးကြပ်ဆောင်ရွက်သည်။

ကယားပြည်နယ် ဦးစီးဌာနမှူး ဦးကျော်ကျော်က အခမ်းအနားသို့ တက်ရောက်လာကြသည့် လှိုင်ကော်ခရိုင်၊ မြို့နယ်နှင့် မြို့ပေါ်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များနှင့် အသင်းဝင်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ပြုလုပ်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေမှုနှင့် သက်ဆိုင်ရာတို့မှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်၊ လိုအပ်ချက်များကိုအသေးစိတ်ရှင်းလင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထိုသို့ သရုပ်ပြရှင်းလင်းပြီး လှိုင်ကော်ခရိုင်ဦးစီးဌာနမှူးဦးယဉ်ထွေးက ဒေသခံပြည်သူ၆၈ဦးအားနိုင်ငံသားစိစစ်ရေးကတ်ပြားများ စနစ်တကျ စိစစ်ထုတ်ပေးခဲ့သည်။

(ခရိုင်ပြန်/ဆက်)

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သောကန်တော်ကြီးရေလှောင်ကန်မှ မြို့တွင်းသို့ ပင်မပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းကို ဧပြီ၄ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ဒယ်ကုန်း–လိပ်ချောင်း မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဧပြီ ၂၈ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ–၂ (မြို့ပြ)ဦးသူရလွင်တို့ ကွင်းဆင်းကြည့်ရှုကြစဉ်။ (မြို့နယ်စည်ပင်)

ဝက်သက်ကာကွယ်ဆေး ထိုးနှံရေးသင်တန်းဖွင့်

ကသာ ဧပြီ ၂၀

ကသာခရိုင် ဝန်းသိုမြို့နယ် ပြည်သူ့ဆေးရုံခန်းမတွင် ဧပြီ ၉ရက် နံနက် ၁၀နာရီက အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးနှံရေး သင်တန်းဖွင့်ပွဲ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာစုစုကြည်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘာသာရေးကိုခုတုံးလုပ်ပြီး မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုများဖြစ်လာအောင် သွေးထိုးလှုံ့ဆော်နေသူများကို အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများက ဝိုင်းဝန်းတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့အပ်နှံခဲ့

နေပြည်တော် မေ ၁၆

၂၀၀၇ ခုနှစ် မေ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘူတာရုံလမ်းကားဂိတ်၌ ဘာသာရေးကိုအကြောင်းပြုပြီး ဆူပူလှုပ်ရှားမှုများဖြစ်အောင် အစဉ်တစိုက် လုပ်ဆောင်နေသည့် စုစုနွေးပါ ၂၉ ဦးအဖွဲ့ စုဝေးရောက်ရှိလာစဉ် ဆူပူမှုကိုမလိုလားသော အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများက ဝိုင်းဝန်းတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြောင်း၊ အလားတူပင် လှိုင်သာယာမြို့နယ်အတွင်း ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်ဆောင်ရွက်ခဲ့သည့် သန့်ဇင်မျိုးနှင့်အဖွဲ့ကိုလည်း ဆူပူမှုကိုမလိုလားသော ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြောင်း သတင်းများရရှိသည်။

နှစ်သိမ့်ကာပြန်လွှတ်ခဲ့

ဖြစ်ပွားပုံမှာ ဘာသာရေးကို ခုတုံးလုပ်လျက် ဆူပူမှုဖြစ်ပွားအောင် ဆောင်ရွက်နေသည့် စုစုနွေးဦးစီး ဒေါပုံမြို့နယ် NLD အဖွဲ့ဝင်များဖြစ်ကြသော ဦးသန်းဌေး(တွဲဖက်အတွင်းရေးမှူး)၊ တင်အုန်း၊ ကျင်လှိုင်၊ ဟန်သိန်း၊ စိုးဝင်း၊ ဒေါ်မိမိလှိုင်၊ ဒေါ်ယဉ်ယဉ်ကြည်၊ ဒေါ်စန်းရီ၊ ကျော်ဇင်ဝင်း(လူငယ်တာဝန်ခံ-၁)၊ ကျော်ကျော်လင်း(လူငယ်တာဝန်ခံ-၂)၊ နေလင်းကျော်(ခ)ကွန်ညာ၊ နေဇာမျိုးဝင်း၊ ဘိုဘိုဝင်းလှိုင်၊ အခြား NLD အဖွဲ့ဝင်များဖြစ်ကြသော တင်နိုင်သိန်း(ချောက်)၊ အုံးလွင်(ရေနံချောင်း)၊ မြင့်ဌေး(ရေနံချောင်း)၊ မျိုးခင်(ရန်ကင်း)၊ ဒေါ်တင်ရီ(ရန်ကင်း)၊ သော်တာ(သာကေတ) အပါအဝင် အဖွဲ့ဝင် ၂၃ ဦးတို့သည် ၂၀၀၇ ခုနှစ် မေ ၁၅ ရက် နံနက် ၈ နာရီခွဲမှ ၈နာရီ ၄၅ မိနစ်အထိ ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက် မြို့မလမ်း အသောကရာမကျောင်းတိုက်ဝင်းအတွင်းရှိ ပြည်လုံးချမ်းသာ မြစေတီ အင်္ဂါထောင့်၌ ဝတ်ပြုဆုတောင်းပွဲပြုလုပ်ခဲ့ကြကြောင်း၊ စုစုနွေးပါ အဖွဲ့ဝင် ၁၀ ဦးသည် ဒေါ်စုကြည်ရုပ်ပုံပါ တီရှပ်အင်္ကျီများကို ဝတ်ထားကြောင်း၊ ၎င်းအဖွဲ့သည် ကျောင်းဝင်းအတွင်း ကစားနေကြသော ကလေးငယ် ၁၁ ဦးကိုလည်း လိမ်ညာလှည့်စားခေါ်ယူ၍ ၎င်းတို့နှင့်အတူ ဝတ်ပြုဆုတောင်းပွဲတွင် ပါဝင်စေခဲ့ကြောင်း၊ ဝတ်ပြုဆုတောင်းပွဲတွင် ဦးသန်းဌေးက ဒေါ်စုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအပါအဝင် သွေးထိုးလှုံ့ဆော်မှုစကားများ ဟောပြောခဲ့ကြောင်း၊ ထို့နောက် ၎င်းတို့လိမ်ညာလှည့်စားခေါ်ယူကာ ဝတ်ပြုဆုတောင်းပွဲတွင် ပါဝင်စေခဲ့သော ကလေးငယ် ၁၁ ဦးကိုလည်း တစ်ဦးလျှင် ငွေကျပ် ၂၀၀ စီပေး၍ နှစ်သိမ့်ကာပြန်လွှတ်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် စုစုနွေးနှင့် အဖွဲ့ဝင်အချို့သည် ဒေါပုံမြို့နယ်မှ အင်းစိန်မြို့နယ်သို့ ထွက်ခွာလာခဲ့ကြောင်း၊ အင်းစိန်မြို့နယ်ရောက်သည့်အခါ အင်းစိန်မြို့နယ်မှ NLD အဖွဲ့ဝင်အချို့ ထပ်မံပါဝင်လာခဲ့ပြီး ၎င်းအဖွဲ့စုစုပေါင်း ၂၉ ဦးတို့သည် နံ့သာကုန်းရပ်ကွက် ဘူတာရုံလမ်းရှိ ကားဂိတ်သို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိလာခဲ့ကြောင်း၊ ထိုအခါ အနီးပတ်ဝန်းကျင်ရှိ ဆူပူမှုကိုမလိုလားသောပြည်သူများက စုစုနွေးတို့အဖွဲ့အား တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားအောင် မဖန်တီးရန်၊ မိမိတို့ နေအိမ်အသီးသီးသို့ အေးချမ်းစွာပြန်ကြရန် ဖျောင်းဖျပြောဆိုခဲ့ကြောင်း၊ သို့သော် စုစုနွေးနှင့်အဖွဲ့က လက်မခံဘဲ ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းကြသည့်အတွက် ဆူပူမှုကိုမလိုလားသော ပြည်သူများက ၎င်းတို့အား တားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့အပ်နှံခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ခိုက်ရန်ဖြစ်ပွားခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း တစ်စုံတစ်ရာမရှိခဲ့ကြောင်း သတင်းရရှိသည်။

ပြန်လည်အပ်နှံ

အဆိုပါ ၂၉ ဦးတွင် အင်းစိန်မြို့နယ်မှ NLD အဖွဲ့ဝင်များ ဖြစ်ကြသည့် စောကျော်ကျော်မင်း (လူငယ်တာဝန်ခံ)၊ ညီညီအောင်၊ ဒေါ်ငြိမ်းတင်နှင့် ဦးရဲအောင်တို့ *စာမျက်နှာ ၉ ကော်လံ ၅* ✻

မြန်မာ့အလင်း ဆောင်းပါးနှင့် သတင်းမှတ်စုအညွှန်း

မလွှန်လွန်းဘူးလား

"အဲဒီလို ပြည်ပကပိတ်ဆို့တားဆီးမှုတွေ၊ ပြည်တွင်း အဖျက်သမားတွေက မတည်ငြိမ်အောင် သွေးထိုးလှုံ့ဆော်မှုတွေ၊ ဆူပူလှုပ်ရှားမှုတွေကြောင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တွေက ဘယ်လို ဘယ်နည်းနဲ့ ဝင်ရောက်ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေကို ဖြောင့်ဖြောင့်တန်းတန်း ဆောင်ရွက်နိုင်တော့မှာလဲ?၊အဖြေက– အဲဒါပဲဗျ"။

စာဖတ်သူတစ်ဦး၏ ဆောင်းပါး (စာ ၈ – ၉)

တရုတ်နှင့်ဂျပန်ပရိသတ်များနှစ်သက်အားပေးနေသည့် တောင်ကိုရီးယားရုပ်ရှင်ကြယ်ပွင့်များ

တရုတ်ပရိသတ် အကြိုက်နှစ်သက်ဆုံး တောင်ကိုရီးယား အမျိုးသမီး သရုပ်ဆောင် ဂျန်ဆိုဟွေး(ဝဲ) ၊ယန်မီကျောင်း(လယ်)နှင့် လီယောင်အေး(ယာ) တို့အား တွေ့ရစဉ်။

မောင်မောင်မြင့်ဆွေ၏ သတင်းမှတ်စု (စာ-၅)

NLD ပါတီသည် ဒီမိုကရေစီထွန်းကားရန်ဆောင်ရွက်သည်ဟု ကြွေးကြော်နေပြီး အုပ်စုဖြင့် အနိုင်ကျင့်သောလုပ်ရပ်များကိုသာ လုပ်ဆောင် မှားနေသည်များကို ပြင်ဆင်ခြင်းမရှိဘဲ ဆက်လက်ရပ်တည်နေ ပါတီကို ယုံကြည်မှုမရှိ၍ ဘိုကလေးမြို့နယ်မှ ပါတီဝင် ၃၀ နုတ်ထွက်

ရန်ကုန် မေ ၁၆

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးအောင်ဌေးသည် မေ ၃ ရက်တွင်လည်းကောင်း၊ ပါတီဝင်များဖြစ်ကြသော ကြိမ်ချောင်းကြီးကျေးရွာမှ ဦးဌေးအောင် အပါအဝင် ၁၈ ဦး၊ ကိုးအိမ်တန်းကျေးရွာမှ ဦးစိန်ကုလား အပါအဝင် လေးဦး၊ ကျောင်းစုကျေးရွာမှ ဦးမြင့်လွင်အပါအဝင် နှစ်ဦး၊ ကျီးချောင်းကျေးရွာမှ ဦးမြငြိမ်း အပါအဝင် နှစ်ဦး၊ အောင်လှိုင်ကျေးရွာမှ ဦးမြဝင်းနှင့် ကြိမ်ချောင်းကြီးကျေးရွာမှ ဒေါ်အိအိတင်နှင့် ဒေါ်နုနုရီတို့သည် ဧပြီ ၂၆ ရက်တွင်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော ဦးအောင်ဌေး၏ နုတ်ထွက်လွှာတွင် NLD ပါတီသည် ဒီမိုကရေစီထွန်းကားရန် ဆောင်ရွက်သည်ဟု ကြွေးကြော်နေပြီး အုပ်စုဖြင့်အနိုင်ကျင့်သော လုပ်ရပ်များကိုသာ လုပ်ဆောင်နေကြောင်း၊ အုပ်စုဖြင့် မမှန်မကန်လုပ်နေသည်များကို လက်ခံပြီး မှားနေသည်ဟု သိရှိသော်လည်း ပြင်ဆင်ခြင်းမပြုဘဲ ဟန်မပျက် ဆက်လက်ရပ်တည်နေကြောင်း၊ လူထုအား စည်းရုံးရေး၊ ပါတီတွင်းစည်းလုံးညီညွတ်ရေးတို့ကို ဆောင်ရွက်ခြင်းလုံးဝမရှိကြောင်း၊ ပါတီနိုင်ငံရေးသန့်သန့်ကိုသာ လုပ်ဆောင်နေခြင်းမဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များကို ရှေးရှုဆောင်ရွက်နေမှုကြောင့် စိတ်ပျက်မိသဖြင့် ၎င်း၏ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားပြီး ပါတီဝင် ၂၉ ဦးတို့၏ နုတ်ထွက်လွှာများတွင် ပါတီ၏လှုပ်ရှားမှုများအပေါ် စိတ်ဝင်စားမှုမရှိခြင်း၊ ယုံကြည်မှုမရှိခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မိုးရေချိန် စံချိန်သစ်

နေပြည်တော် မေ ၁၆

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲတွင် ပူတာအိုမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၁၉ မီလီမီတာ (၄ ဒသမ ၆၉ လက်မ)သည် ယင်းမြို့၏လွန်ခဲ့သောနှစ်ပေါင်း ၄၁ နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီမိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၀၉ မီလီမီတာ (၄ ဒသမ ၂၉ လက်မ)ဖြစ်ပြီး ၂၀၀၁ခုနှစ် မေ ၈ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ (သတင်းစဉ်)